ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (7-9-2004) (၄၃၄၉)

တပေါ် စ
တော် မင်္ဂလ မုတ္တမ်။

ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘာရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ခုနှစ် စက်တင်ဘာ ၇ ရက်၌ ကျရောက်သော ဘာရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘာရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာလူးဝစ် အင်နာစီရို လူလာဒါဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိုးတက်ဖွံ့ဖြိုးမှု၏ အရင်းခံအကြောင်းတရား

☆ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန် တိုးတက်ပြောင်းလဲနေ။

☆ အသိပညာနယ်ပယ်ခေတ်ဟု ပြောရလောက်အောင် အသိပညာကြွယ်ဝရေးအတွက် အားထုတ်နေကြ။

☆ ပညာရေးသည် တိုးတက်ဖွံ့ဖြိုးမှု၏ အရင်းခံအကြောင်းတရားဖြစ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားသမ္မတထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၆

ပြီးခဲ့သည့်ရက်သတ္တပတ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် အကြမ်းဖက်သမားအချို့၏ လုပ်ရပ်ကြောင့် ကျောင်းသားငယ်များအပါအဝင် အပြစ်ကင်းမဲ့သူ လူအများအပြား ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများ ဖြစ်ပွားခဲ့ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ၊ ပူတင်ထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာ တစ်စောင်ပေးပို့သည်။ (သတင်းစဉ်)



စာတတ်မြောက်မှုနှုန်းအရရော၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသ၌ အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီ ဤအောင်မြင်မှုသည် လူတိုင်းအတွက် ပညာရေး၏ ခိုင်မြဲသောခြေလှမ်းဖြစ်

ရန်ကုန် စက်တင်ဘာ ၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

7-၉-၂၀၀၄
(အင်္ဂါနေ့)

ရောဝတီအနောက်ဘက်ကမ်းဖွံ့ဖြိုးရေးအကျိုးပြု မကွေးတိုင်း ပခုက္ကူလေဆိပ်သစ် ဖွင့်လှစ်

နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ခိုင်မာလာမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို အဆင့်လိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း** လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းအဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်း၊ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားကြီးများ တည်ဆောက်ခြင်းနှင့် သင်္ဘောဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

မကွေးတိုင်း ပခုက္ကူမြို့တွင် တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူလေဆိပ်သစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၅ ရက်နေ့က အဆိုပါလေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ပခုက္ကူမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းအတွင်း တည်ရှိပြီး ရောဝတီမြစ်၏ အနောက်ဘက်ကမ်း၌ အချက်အချာကျသည့်မြို့တစ်မြို့ဖြစ်သည်။ ထို့အပြင် ပခုက္ကူဒေသသည် ချင်းပြည်နယ်တောင်ပိုင်း၏ ထွက်ပေါက်ဖြစ်သကဲ့သို့ ချင်းပြည်နယ်နှင့်မကွေးတိုင်းအနောက်ဘက်ခြမ်းဒေသများ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားရေးဘဝ တိုးတက်ရေးအတွက် အရေးပါသော အခြေခံဒေသလည်း ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပခုက္ကူဒေသကို ရောဝတီမြစ်၏ အနောက်ဘက်ကမ်းမြို့တော်တစ်ခု ဖြစ်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံများ ထူထောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ရထားလမ်း၊ ကားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

အချိန်တိုအတွင်း ခရီးဝေးဝေးပေါက်ရောက်နိုင်သည့် လေကြောင်းပို့ဆောင်ရေးသည် ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးတွင် များစွာအရေးပါလျက်ရှိသည်။ မကွေးတိုင်းအတွင်း၌ ဒေသဖွံ့ဖြိုးရေးအကျိုးပြုလေယာဉ်ကွင်းသစ်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၀၃ ခုနှစ် ဇွန်လအတွင်းက မကွေးလေယာဉ်ကွင်းကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်းက ကျောက်ထုလေယာဉ်ကွင်းကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယခု ပခုက္ကူလေယာဉ်ကွင်းကို ထပ်မံဖွင့်လှစ်ခဲ့ရာ စုစုပေါင်းလေယာဉ်ကွင်းသစ် သုံးကွင်းရှိပြီဖြစ်သည်။

ပခုက္ကူဒေသသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် စီးပွားရေးအချက်အချာကျသော ဒေသဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသော ဒေသလည်းဖြစ်သည်။

ယင်းသို့သော အခြေအနေအချိန်အခါတွင် ရောဝတီ အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၌ ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကို ထပ်မံတည်ဆောက်ပေးလိုက်ခြင်းသည် မကွေးတိုင်း၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မကွေးတိုင်းအပါအဝင် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးပြုနိုင်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး တည်ဆောက်မှုလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ရလဒ်ကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

နယ်စပ်/ စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့သို့ရောက်ရှိပြီး သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ သထုံမြို့နယ် စည်ပင်သာယာရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်မှမြို့ပြသာယာလှပရေးအတွက် လမ်းဘေးကပ်တုံးများ ပြုလုပ်ဆောင်ရွက်နေမှုနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့သို့ရောက်ရှိပြီး ကရင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၅ရက်တွင် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဘားအံ)သို့ ရောက်ရှိရာ ကျောင်းအုပ်ဒေါ်ကြည်ကြည်လွင်က သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၆)၊ အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၃)နှင့် မုန့်လုပ်နည်းသင်တန်းများ၏ သင်ကြားပို့ချနေမှုကို ရှင်းလင်းပြသရာ ဝန်ကြီးကကြည့်ရှုစစ်ဆေးပြီး အိမ်တွင်းမှု သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘားအံ) အသစ်ဆောက်လုပ်မည့် မြေနေရာ ရွေးချယ်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များမှာကြားသည်။

ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘားအံ)သို့ ရောက်ရှိပြီး သင်တန်းကျောင်း၌ ကျောင်းသားများ ပြည်ထောင်စု စိတ်ဓာတ်သင်ကြားမှုနှင့် သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သာသနာတော် ထွန်းကားပြန့်ပွားရေး (မွန်/ကရင် ဇဟိုဌာန) ဆရာတော် ဘဒ္ဒန္တနရိန္ဒအား သွားရောက်ကြည်ညိုပူဇော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်ပြီး ရုံးနှင့်ရုံးပတ်ဝန်းကျင် ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းသုံးယာဉ်စက်ယန္တရားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဘားအံတက္ကသိုလ်သွားလမ်း ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်အတွင်း စက်ရေတွင်း တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့် ဆရာ၊ဆရာမများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် ဘာရာဇီးလ်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ ခုနှစ် စက်တင်ဘာ၇ရက်၌ ကျရောက်သော ဘာရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘာရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆယ်လ်ဆိုလူးဝစ်ချူးအာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ရုရှားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းနည်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၆

ပြီးခဲ့သည့်ရက်သတ္တပတ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် အကြမ်းဖက်သမားအချို့၏ လုပ်ရပ်ကြောင့် ကျောင်းသားငယ်များ အပါအဝင် အပြစ်ကင်းမဲ့သူ လူအများအပြား ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်ရီဂေး၊ ဗွီ၊ လာရော့ဗ် ထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာ တစ်စောင်ပေးပို့သည်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အဖွဲ့သည် နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့ ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မောင်းတက် မောင်းဆင်းတံတား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် သင်္ဘောပေါ်မှနေ၍ ဆိပ်ကြီးခနောင်တိုမြို့ ဆိပ်ကမ်း တွံတေးတူးမြောင်းနှင့် ခနောင်တိုချောင်းဆုံအနီး၌ မောင်းတက် မောင်းဆင်း တံတားတည်ဆောက်နိုင်ရေးကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မောင်းတက် မောင်းဆင်းတံတား တည်ဆောက်နိုင်ရေး၊ ရေယာဉ်များ ဆိုက်ကပ်နိုင်ရန် ရေစီးနှုန်းအခြေအနေ၊ ရေအတိမ်အနက် တိုင်းတာထားရှိမှုနှင့် လုပ်ငန်းများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက တိုင်းတာမှုလုပ်ငန်းများပြီးစီးပါက မောင်းတက် မောင်းဆင်းတံတား အမြန်တည်ဆောက်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ပါရှိသဖြင့် ရန်ကုန်မြို့ရှိ ရပ်ကွက်များနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းနိုင်သမျှနည်းစေရန် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ကတ္တရာလမ်း၊ (၂၅)ခုတင်ဆံ့ဆေးရုံ၊ လျှပ်စစ်မီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေမှုအစီအစဉ်များ တိုးတက်လာပြီ ဖြစ်ကြောင်း၊ ခနောင်တိုချောင်း တံတားတည်ဆောက်ရန်လည်း စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ တိုးတက်ဖြစ်ထွန်းမှုများအပေါ် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ရေရှည်တည်တံ့ခိုင်ခံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်က ဆိပ်ကြီးခနောင်တိုမြို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီခဲ့မှုများကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို တင်ပြသည်။

ထို့နောက် ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များဖြစ်ကြသည့် ဦးကြူခင် (မိုးလွန်းကျင်း)၊ ဦးခင်မောင်သန်း (ရွှေနဂါးလွန်းကျင်း)၊ ဒေါ်မြကြူ (ဝင်းရွှေဝါလွန်းကျင်း)တို့က အလှူငွေကျပ် ငါးသိန်းစီနှင့် အခြားအလှူရှင်များက စုစုပေါင်းအလှူငွေ ကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီး ပါကစ္စတန်နိုင်ငံ တပ်မတော်နေ့ညစာခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ စစ်သံမှူး Colonel Ihsan ui Haq **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ပြည်သူ့ဆေးရုံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ၁၆ ခုတင်ဆံ့ဆေးရုံမှ ၂၅ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ အမျိုးသား၊ အမျိုးသမီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းများ တိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာမြို့နယ် ဆရာဝန် ဒေါက်တာရင်ရင်မိုးက ခွဲစိတ်ခန်းသုံးပစ္စည်းများရောက်ရှိမှုနှင့် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊အက၊အတီး၊အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့ နံနက် ၇နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်တပ်မတော်သားများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအစီအစဉ်အရ နံနက်ပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ခေတ်ပေါ်တေးနှင့် အမျိုးသား၊ အမျိုးသမီး အကပြိုင်ပွဲကိုလည်းကောင်း၊ ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

သတင်းစာပညာသင်တန်းသားများ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ လေ့လာ

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများအား စက်ရုံအတွင်းရှိ စာအုပ်ချုပ်ခန်း၌ စက်ရုံမှူး ဦးဟန်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စက်ရုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများသည် ပတ်လည်စက်ခန်း၊ ဓာတ်ပုံလုပ်ငန်းစဉ် အဆင့်ဆင့်ပြုလုပ်ခန်း (Prepress) တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ကိုမိုးကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ရဋ္ဌပါလ ဓမ္မဃောသကအဖွဲ့ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ရဋ္ဌပါလ ဓမ္မဃောသကအဖွဲ့၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကိုယမန်နေ့နံနက် ၁၀နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များ၊ ရဋ္ဌပါလ ဓမ္မဃောသကအဖွဲ့နာယက၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အခြေခံ သံတမန်သင်တန်း အမှတ်(၁)မှ (၁၁)ထိနှင့် အဆင့်မြင့် သံတမန် သင်တန်း အမှတ်စဉ်(၁)၊ (၂) သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)က ဆောင်ရွက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ အဋ္ဌင်္ဂသီလ ဆောက်တည်ကြ၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က-ပ)

စက်တင်ဘာ ၅ရက်ကပြုလုပ်သော အင်းစိန်မြို့နယ် အမှတ်(၄၀) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်သန်းက ပထမတန်း(ဂ)မှ ပညာရည်ချွန် ပထမဆုရရှိသော မောင်အောင်ကျော်မင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)



ပါဝင်ယှဉ်ပြိုင်

၂၀၀၅ ခုနှစ် တပ်မတော်နေ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စက်တင်ဘာ ၅ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၂)ခန်းမတွင် ကျင်းပရာ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (၆၄)

ဘတ်စကက်ဘော ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာ့ဘတ်စကက်ဘော အားကစားနည်းအဆင့်အတန်း မြင့်မားတိုးတက်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ဘတ်စကက် ဘောဒိုင်လူကြီးသင်တန်းကို အောက်တိုဘာ ၁၅ရက်တွင် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ကျိုက္ကဆံ ဘတ်စကက်ဘောအားကစားရုံ၌ ဖွင့်လှစ်မည်ဖြစ်သည်။

စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် တည်ရှိရာ ကျိုက္ကဆံ ဘတ်စကက်ဘောအားကစားရုံ ဖုန်း- ၅၅၆၉၅၂ သို့လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း အမည်စာရင်း ပေးသွင်းနိုင်သည်။ (သတင်းစဉ်)

အီရတ်နိုင်ငံတစ်ဝန်းတွင် အသေခံဗုံးခွဲမှုနှင့် တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၅

စနေနေ့က အီရတ်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများနှင့် အသေခံဗုံးဖောက်ခွဲမှုတို့ကြောင့် အနည်းဆုံးလူ ၅၀ ဦး သေဆုံးခဲ့ရသည်။ စနေနေ့က လူအသေအပျောက်အများဆုံး ဖြစ်ရပ်မှာ ကယ်ကွတ်မြို့တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါမြို့တွင် အသေခံဗုံးခွဲသမားက မောင်းနှင်လာသည့်ဖောက်ခွဲပစ္စည်းများ တင်ဆောင်လာသော ကားတစ်စီးကို ရဲအတတ်သင်သိပ္ပံကျောင်းအနီးတွင် ဖောက်ခွဲခဲ့ရာ လူ ၂၅ ဦးသေဆုံးပြီး ၄၀ ဦးဒဏ်ရာရရှိခဲ့သည်ဟု အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက စီအင်န်အင်န်သို့ပြောကြားသည်။

ကားဗုံးပေါက်ကွဲနေစဉ် ဒုတိယ မြောက်ဗုံးမှာလည်း ပေါက်ကွဲခဲ့သည်။

၎င်းတို့၏နေအိမ်များဆီသို့ ပြန်သွားကြသည့် အီရတ်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း ကယ်ကွတ်မြို့ရဲတပ်ဖွဲ့မှ ဗိုလ်မှူးကြီးဆာဟက်ကာဒီယာက ပြောကြားသည်။

တိုက်ခိုက်

အီရတ်နိုင်ငံ လာတီဖီယာမြို့တွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများနှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားရာတွင် ရဲအရာရှိ ၁၆ ဦး သေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက စီအင်န်အင်န်သို့ ပြောကြားသည်။ အီရတ်တပ်ဖွဲ့ဝင်များနှင့် အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များက လာတီဖီယာမြို့တွင် စီးနင်းဝင်ရောက် ရှာဖွေမှုများပြုလုပ်နေစဉ် ယင်းကဲ့သို့ တိုက်ပွဲ ဖြစ်ပွားခြင်းဖြစ်သည်။

ဝင်ရောက်ရှာဖွေ

လာတီဖီယာမြို့သည် ဘဂ္ဂဒက်မြို့တောင်ဘက် ၄၅ ကီလိုမီတာခန့် အကွာတွင် တည်ရှိသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ယင်းသို့ စီးနင်းဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ရာတွင် အကူအညီပေးခဲ့သည်။

ပစ်ချခံရ

မိုဆူးလ်မြို့အနီး တယ်အဖာဒေသတွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ရဟတ်ယာဉ် အင်ဂျင်မှာ မီးလောင်ခဲ့ပြီး ရဟတ်ယာဉ်ယာဉ်မှူးနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်အနီးသို့ အမေရိကန်စစ်ကားတစ်စီး ရောက်ရှိလာရာ အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ကြကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် ခုခံတိုက်ခိုက်ရေးသမား နှစ်ဦးကို ပစ်သတ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် လေကြောင်းမှ အကူအညီကို တောင်းခံခဲ့ရာ အဆိုပါမြို့အနီး၌ ဗုံးတစ်လုံး ကြဲချခဲ့သည်။

သေဆုံး

အီရတ်နိုင်ငံသားများ သေဆုံးထိခိုက်မှုသတင်းမှာ အမျိုးမျိုးဖြစ်နေသည်။ လူကိုးဦးသေဆုံးပြီး ၅၀ ဦး ဒဏ်ရာရရှိသည်ဟု ဒေသခံဆေးရုံများက သတင်းပေးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောသည်။ သို့ရာတွင် တယ်အဖာမြို့ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကမူ အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ် ၁၂ ဦး သေဆုံးပြီး ၆၀ ဦး ဒဏ်ရာရရှိကြောင်း ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ တာလ်အဖာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသည့် ကားတစ်စီးအနီးတွင် အီရတ်လူငယ်များကို စက်တင်ဘာ ၄ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗိုလ်ကျစိုးမိုးရေးဝါဒ တရုတ်ပြည်လက်မခံ အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်း

ပေကျင်း စက်တင်ဘာ ၄

တရုတ်ပြည်သည် ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် ကျူးကျော်သိမ်းပိုက်ရေးဝါဒတို့ကို လက်ခံမည်မဟုတ်ဟု အာမခံပြောကြားလိုက်ကြောင်း၊ အာရှနိုင်ငံများအတွင်း ကုန်သွယ်ရေးအတားအဆီးများကို ဖျက်သိမ်းခြင်းဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း တရုတ်ဒုတိယသမ္မတ ကျန်ကျင်ဟောင်က တတိယအကြိမ် အာရှနိုင်ငံရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညီလာခံ၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

မြှင့်တင်

မိမိတို့သည် အာရှနိုင်ငံများ ငြိမ်းချမ်းရေး၊ လုံခြုံမှုရှိရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အာရုံစိုက် အလေးပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများအတွင်း ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်ဒုတိယသမ္မတက ပြောကြားသည်။

အာရှနိုင်ငံရေး အဖွဲ့အစည်းများဆိုင်ရာ ညီလာခံသို့ နိုင်ငံပေါင်း ၃၄ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အာရှနိုင်ငံများအားလုံးသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လုပ်သားအင်အားစု စီးဝင်မှုတို့ကို မြှင့်တင်နိုင်စေရန်လည်းကောင်း၊ ကုန်သွယ်ရေးကန့်သတ်ချက်များကို အဆင့်လိုက်ပယ်ဖျက်ပေးနိုင်စေရန်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ပြုလုပ်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်မှလုပ်ငန်းများမရပ်ဆိုင်းပါက တူရကီထရပ်ကားမောင်းသူကို သတ်ပစ်မည်ဟု ခြိမ်းခြောက်

ကိုင်ရို စက်တင်ဘာ ၄

တူရကီကုမ္ပဏီနှင့် ကူဝိတ်မှ လုပ်ငန်းကန်ထရိုက်တို့က အီရတ်နိုင်ငံတွင် လုပ်ကိုင်နေသည့် ၎င်းတို့၏လုပ်ငန်းများအား ၄၈ နာရီအတွင်း ရပ်ဆိုင်းမှုမရှိပါက တိုက်ခိုက်ရေးသမားများက တူရကီနိုင်ငံသား ကုန်တင်ထရပ်ကားယာဉ်မောင်းအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်း အယ်လ် အာရေဗျရုပ်မြင် သံကြားတွင် စနေနေ့က ထုတ်လွှင့်ပြသသည်။ အစ္စလမ္မစ် တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့အမည်ရှိ တိုက်ခိုက်ရေးအုပ်စုက မုတ်ဆိတ်မွေးနှင့် ထရပ်ကားယာဉ်မောင်းသူဖြစ်ဖွယ်ရှိသူ လူတစ်ဦးသည် ခုခံတိုက်ခိုက်ရေးအုပ်စုဟု အမည်ရေးသားထားသည့် နဖူးစည်းစာတန်းမည်း၏ရှေ့တွင် ရိုက်ကူးထားသည့် ဗီဒီယိုကိုဖြန့်ချိခဲ့ပြီး ဖော်ပြပါ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

ဖော်ပြပါ ကုမ္ပဏီနှစ်ခုစလုံးက အီရတ်နိုင်ငံရှိ အမေရိကန်၏ပေါင်းပါတပ်ဖွဲ့များထံ ပစ္စည်းများ သွားရောက်ပို့ဆောင်နေသည့် ကုမ္ပဏီများဖြစ်ပြီး ယင်းလုပ်ငန်းရပ်ဆိုင်းရန် တောင်းဆိုကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်မှုသည် လိုအပ်သည်ဟု ယူဆပြီး ဆက်လက်ဆောင်ရွက်ပါက ထရပ်ကား မောင်းသူသတ်ပစ်မည်ဟု ယင်းအုပ်စု၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သည့် အီရတ် သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် တူရကီ ကုမ္ပဏီများအနေဖြင့် အီရတ်နိုင်ငံမှ အမြန်ဆုံးထွက်ခွာလျှင် သို့မဟုတ်ပါက မိမိတို့ ကြေညာချက်ထုတ်ပြန်သည့်ရက်မှ နှစ်ရက်အတွင်း ကုမ္ပဏီများက လိုက်နာမှုမရှိပါက ယာဉ်မောင်းအား သတ်ပစ်မည်ဟု သတိပေးလိုက်ကြောင်း ယင်းဗီဒီယိုခွေတွင် ဖော်ပြထားသည်။

ယင်းဗီဒီယိုခွေသည် အစစ်အမှန်ဟုတ်၊ မဟုတ် စစ်ဆေးရန် ရုတ်ခြည်းအားဖြင့် မလွယ်ကူသေးပေ။ ဗီဒီယိုအခွေ၏ အသံရှင်က ယာဉ် မောင်း၏ ကုမ္ပဏီ ကူဝိတ်ကုမ္ပဏီနှင့် ဓားစာခံယာဉ်မောင်း၏ အမည်များကို ထုတ်ဖော်ကြေညာသွားသည်။ ယင်းဗီဒီယိုခွေတွင် ဓားစာခံ၏ ဓာတ်ပုံကပ်ထားသည့် စိစစ်ရေးကတ်ပြား၏ ရုပ်ပုံကိုလည်း ထုတ်လွှင့်ပြသသည်။ ယခုရက်သတ္တပတ် စောစောပိုင်းက သီးခြားပြန်ပေးဆွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်က ဗီဒီယိုရိုက်ထားကာ တော်ဟစ်နှင့် ဂျီဟက်အမည်ရှိ တိုက်ခိုက်ရေးအုပ်စုများက တူရကီယာဉ်မောင်း သုံးဦးအား သတ်ပစ်သည့် ဗီဒီယိုခွေအား အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားသို့ ပေးပို့ခဲ့သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့တော် ဆာဒါစီးတီးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွား
ကန်ရဟတ်ယာဉ်တစ်စင်း ပစ်ခတ်ခံရ၍ အရေးပေါ်ဆင်းသက်ရ

မိုဆူးလ် စက်တင်ဘာ ၅

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ စနေနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ အီရတ်ရှစ်ဦး သေဆုံးပြီး ၅၀ကျော် ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

မိုဆူးလ်မြို့အနောက်ဘက် မိုင် ၃၀ ခန့်အကွာ တယ်အဖာမြို့တွင် တိုက်ပွဲများ ဖြစ်ပွားနေစဉ် အမေရိကန်တပ်ဖွဲ့မှ အိုအိပ်ချ်–၅၈ဒီ ကီအိုဝါအမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ရဟတ်ယာဉ်မှ ရဟတ်ယာဉ်မှူးနှစ်ဦး ဒဏ်ရာရရှိသော်လည်း အသက်ဘေးအန္တရာယ် စိုးရိမ်ရခြင်းမရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။

တယ်အဖာမြို့တွင် ဖြစ်ပွားသော တိုက်ပွဲအတွင်း ခုခံတိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးပြီး အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်စစ်ရဟတ်ယာဉ်သည် အဘယ်ကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကြေညာချက်တွင်ဆက်လက်ဖော်ပြထားသည်။ ယင်းရဟတ်ယာဉ်သည် တိုက်ခိုက်မှုကြောင့် အရေးပေါ်ဆင်းသက်ရခြင်း ဟုတ်၊ မဟုတ် မသိရှိရသေးပေ။ အမေရိကန်တပ်ဖွဲ့မှ စစ်ယာဉ်တစ်စီးက ရဟတ်ယာဉ် ဆင်းသက်ခဲ့သောနေရာကို စောင့်ကြပ်နေစဉ် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း၊ ပျက်စီးသွားသော အဆိုပါယာဉ်ကို စောင့်ကြပ်နေသည့် နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၎င်းတို့က ပြန်လည်ပစ်ခတ်သဖြင့် ခုခံတိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

နိုင်ငံစုံတပ်ဖွဲ့ဝင်များသည် လေကြောင်း စစ်ကူခေါ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့က တယ်အဖာမြို့ အနီးရှိ ပစ်မှတ်တစ်ခုကို ဗုံးတစ်လုံးကြဲချခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ယင်းကဲ့သို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးရခြင်း ရှိ၊ မရှိ မသိရှိရသေးပေ၊ သို့ရာတွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ရှစ်ဦးသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်း တယ်အဖာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။ နံနက် ၈ နာရီခန့်တွင် တိုက်ပွဲများစတင်ခဲ့ကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ရေးသမားများကို ရှာဖွေရာမှ တိုက်ပွဲစတင်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့က အီရတ်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ပြင်သစ်စာရေးဆရာနှစ်ဦးလွတ်မြောက်ရေး မျှော်လင့်ချက်တိုးလာ

ဘဂ္ဂဒက် စက်တင်ဘာ ၅

ပြင်သစ်စာရေးဆရာနှစ်ဦးကို မကြာမီလွတ်မြောက်မည့် အရိပ်လက္ခဏာများတွေ့ရကြောင်း အီရတ် စေ့စပ်ရေးမှူးတစ်ဦးက ပြောကြားလိုက်ရာ အီရတ်နိုင်ငံမှ ပြင်သစ်စာရေးဆရာနှစ်ဦး လျင်မြန်စွာလွတ်မြောက်ရေးမျှော်လင့်ချက်မှာ သောကြာနေ့က တိုးပွားလာခဲ့သည်။ ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့်ရလဒ်များ မိမိတို့ရရှိထားကြောင်း အီရတ် စေ့စပ်ဖျန်ဖြေရေးမှူး ရှိတ်ဟီရှမ်ဒူလိုင်မီက ပြောကြားသည်။

ဩဂုတ် ၂၀ ရက်တွင် ဖမ်းဆီးခံခဲ့ရသည့် ဂျော့စ်မယ်ဘရူနော့သ်နှင့် ခရစ်ရှန်သီစနော့သ်တို့၏ ကျန်းမာရေးကောင်းမွန်ကြောင်း ဒူလိုင်မီက ပြောကြားသည်။

သို့ရာတွင် ပြင်သစ် စာရေးဆရာနှစ်ဦးတို့အား ဖမ်းဆီးထားသည့် အုပ်စုနှင့် တိုက်ရိုက်အဆက် အသွယ်ရှိ-မရှိကိုမူ ၎င်းက ပြောကြားခြင်းမရှိပေ။

အီရတ်နိုင်ငံတွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဖမ်းဆီးထိန်းသိမ်းထားသည့် အခြား နိုင်ငံခြားသားများ လွတ်မြောက်ရေးအတွက် စေ့စပ်ဆွေးနွေးပွဲများတွင် ပါဝင်လှုပ်ရှားခဲ့သည့် ဒူလိုင်မီ၏ ပြောကြားချက်များသည် ပြင်သစ်စာရေးဆရာများ၏ အခြေအနေနှင့်ပတ်သက်၍ အကောင်းဘက်မှ ရှုမြင်မှု တိုးပွားလာသည့် လက္ခဏာဖြစ်သည်။

ကြိုးပမ်း

ပြင်သစ်စာရေးဆရာများ သောကြာနေ့တွင် လွတ်မြောက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြင်သစ်သတင်းစာဆရာများ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် ဘဂ္ဂဒက်သို့သွားရောက်ခဲ့သည့် ပြင်သစ်နိုင်ငံရှိ ဘာသာရေး အဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

ပြင်သစ်စာရေးဆရာများကို ဖမ်းဆီးထားသည့် အုပ်စု၏ တရားရေးကော်မတီက ၎င်းတို့၏ဆုံးဖြတ်ချက်ကို မကြာမီ ကြေညာလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်စား စေ့စပ်ဆွေးနွေးရန် မည်သည့် ကိုယ်စားလှယ်အဖွဲ့ကိုမျှ သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ စေလွှတ်ခြင်းမရှိကြောင်း အဆိုပါကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။ ပြင်သစ် စာရေးဆရာနှစ်ဦးအား အခြားအုပ်စုသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဆိုသော ပြောဆိုမှုများကို ယင်းကိုယ်စားလှယ်အဖွဲ့က ငြင်းဆိုလိုက်သည်။

စာရေးဆရာများကို ပြန်လွှတ်ပေးရေးအတွက် စေ့စပ်ဆွေးနွေးလိုသည့် ဆွန်နီခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပြင်သစ်အာဏာပိုင်များက မိမိတို့အား ပြောကြားခဲ့ကြောင်း မယ်ဘရူနော့သ်အလုပ်လုပ်ကိုင်သည့် လီဗီဂါရီ ပြင်သစ်သတင်းစာမှ အယ်ဒီတာများက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အင်တာနက်။

ပျက်စီး

လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များ၏ကားကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ထိုင်းတပ်ဖွဲ့ များ ပြန်လည်ရုပ်သိမ်းမည်

ဗန်ကောက် စက်တင်ဘာ ၅

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ထိုင်းတပ်ဖွဲ့ဝင်များသည် လာမည့် ရက်သတ္တပတ်တွင် မိခင်နိုင်ငံသို့ ပြန်လာကြမည်ဖြစ်ကြောင်း ထိုင်းစစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

တပ်ဖွဲ့ဝင်အင်အား ၄၄၇ ဦးအနက် တပ်ဖွဲ့ဝင် ၁၉၀ ဦး ပါဝင်သော ပထမအသုတ်သည် အင်္ဂါနေ့ မွန်းလွဲပိုင်းခန့်တွင် မြို့တော် ဗန်ကောက်ရှိ ထိုင်းလေတပ် လေဆိပ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ထိုင်းကြည်းတပ် စစ်ဦးစီးချုပ်ရုံး အရပ်ဘက်ရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ပူဆာနူယူရေလတ်က ပြောကြားသည်။

ပြန်လည်ရောက်ရှိမည်

ကျန်ရှိနေသော ထိုင်းတပ်ဖွဲ့ဝင်များသည် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် အသုတ်နှစ်သုတ်ခွဲ၍ ဗန်ကောက်သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင်များအားလုံးကို ဩဂုတ် ၂၇ ရက်မှစ၍ စတင်ရုပ်သိမ်းခဲ့ပြီး ရုပ်သိမ်းလာသော တပ်ဖွဲ့ဝင်များသည် ထိုနေ့ရက်မှစ၍ ကူဝိတ်နိုင်ငံရှိ ဗာဂျီးနီးယား စစ်စခန်းတွင် ခေတ္တနေထိုင်လျက်ရှိသည်။ အီရတ်နိုင်ငံမှ ထိုင်းတပ်ဖွဲ့ဝင်များကို သတ်မှတ်ချိန်ထက်စော၍ ရုပ်သိမ်းခြင်းမဟုတ်ကြောင်း၊ ထိုင်းတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် ခြောက်လတာမျှ တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပူဆာနူက ပြောကြားသည်။ ယခုလောလောဆယ်အခြေအနေအရ ထိုင်းနိုင်ငံသည် အီရတ်နိုင်ငံ၌ မစ်ရှင်လုပ်ငန်း တာဝန်ထမ်းဆောင်ရန် အီရတ်အစိုးရ၏ တရားဝင်ဖိတ်ခေါ်မှု မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် နိုင်ငံတကာ အိဒ်စ်ရောဂါဆိုင်ရာ ညီလာခံတစ်ရပ် တက်ရောက်ရန် ဇူလိုင်လအတွင်းက ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့စဉ် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အီရတ်သို့ ထိုင်းတပ်ဖွဲ့များ ပိုမိုစေလွှတ်ဖွယ်ရှိသည်ဟု သိရှိခဲ့ရသည်။

လွန်ခဲ့သည့် စက်တင်ဘာလမှစ၍ ထိုင်းနိုင်ငံက အီရတ်တောင်ပိုင်း ကာဘာလာမြို့သို့ တပ်ဖွဲ့ဝင်နှစ်သုတ်ကို စေလွှတ်ခဲ့သည်။ အီရတ်နိုင်ငံ၏ စစ်ပြီးခေတ်လွန်ကာလ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၌ တစ်နှစ်ကြာ ပါဝင်ကူညီရန် ကတိပြုခဲ့မှုနှင့်အညီ တပ်ဖွဲ့စေလွှတ်ခဲ့ခြင်းပင်ဖြစ်သည်။

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ဒီဇင်ဘာလက တိုက်ခိုက်ခံရမှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီးနောက် ယင်းနိုင်ငံမှနေ၍ ထိုင်းတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် ပြည်သူလူထုအတွင်း တောင်းဆိုမှုများ ပိုမို မြင့်မားလာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ကြီးမားနေဆဲ

အမေရိကန်တပ်ဖွဲ့ဝင်များ တစ်လပျမ်းမျှ ၅၅ဦး သေဆုံးလျက်ရှိ

ဝါရှင်တန် စက်တင်ဘာ ၅

အမေရိကန်တို့သည် အီရတ်ကြားဖြတ်အစိုးရလက်သို့ အကန့်အသတ်ရှိသောအုပ်ချုပ်ရေး အာဏာကိုလွှဲပြောင်းပေးခဲ့သည်မှာ နှစ်လရှိသွားပြီဖြစ်၏။ သို့တိုင်အောင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များရင်ဆိုင်နေရသော အန္တရာယ်မှာ လျော့ကျသွားခြင်းမရှိဘဲ ရှိမြဲရှိနေသည်။ အီရတ်စစ်မြေပြင်တွင် သေဆုံးရသောအမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာလည်း ၁၀၀၀ ပြည့်လုနီးနေပြီဖြစ်သည်။

အီရတ်ဝန်ကြီးချုပ် အာလာဝီ ခေါင်းဆောင်သော ယာယီအစိုးရလက်သို့ အမေရိကန်တို့က အကန့်အသတ်ရှိသော အာဏာကို ဇွန် ၂၈ ရက်တွင် လွှဲပြောင်းပေးခဲ့သည်။

ထိုနေ့မှာ တရားဝင်အားဖြင့် ကျူးကျော်သိမ်းပိုက်မှု ရုပ်ဆိုင်းသွားသည့် သဘောပင်ဖြစ်သည်။ သို့ရာတွင် အီရတ်နိုင်ငံတွင် နိုင်ငံခြားသားတပ်ဖွဲ့များအလုံးအရင်းနှင့် ရှိနေကြဆဲဖြစ်သည်။ အီရတ် စစ်မြေပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၇၀၀၀ ကျော်နှင့် အပေါင်းပါတပ်ဖွဲ့အင်အား ၂၃၀၀၀ တို့ တပ်ချထားကြဆဲဖြစ်သည်။ တစ်ချိန်တည်း၌ပင် ခုခံဆန့်ကျင်မှုများ လည်းဆက်လက် ဖြစ်ပွားနေသည်ဖြစ်ရာ အီရတ်နိုင်ငံမှာ စစ်တလင်းသဖွယ် ဖြစ်လျက်ရှိသည်။

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များသည် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို စတင်ကျူးကျော် တိုက်ခိုက်သိမ်းပိုက်ပြီး သမ္မတ ဆက်ဒမ်ခေါင်းဆောင်သော အီရတ်အစိုးရကိုဖယ်ရှားခဲ့သည်။ စစ်ပွဲစတင်သည်မှ ယခုနှစ် စက်တင်ဘာ ၃ ရက်ထိကာလအတွင်း အီရတ်စစ်မြေပြင်၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၉၇၆ ဦး ရှိသွားပြီဖြစ်ပြီး ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်ဦးရေမှာ ၆၉၁၆ ဦး ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အီရတ်စစ်မြေပြင်တွင် အမေရိကန်တို့ တိုက်ခိုက်နေရသည်မှာ ၁၇လခွဲ ရှိသွားပြီဖြစ်သည်။ ထိုကာလအတွင်း လစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ ပျမ်းမျှသေဆုံးရသောနှုန်းမှာ တစ်လလျှင် ၅၅ ဦးရှိသည်။

ပြီးခဲ့သော ဇွန်လအတွင်းက အမေရိကန်တပ်ဖွဲ့ဝင် ၄၂ ဦး သေဆုံးခဲ့သည်။ အီရတ်များလက်သို့ အမေရိကန်တို့ အာဏာလွှဲပြောင်းပေးခဲ့သည့် ဇူလိုင်လတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၄ ဦး သေဆုံးပြီး ဩဂုတ်လတွင် တပ်ဖွဲ့ဝင် ၆၆ ဦး သေဆုံးခဲ့သည်။

အမေရိကန်တို့ အီရတ်များလက်သို့ နိုင်ငံရေးအာဏာကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း ထိုဖြစ်ရပ် အကျိုးဆက်အနေဖြင့် စစ်ရေးကိစ္စများတွင် အမေရိကန်တို့အတွက် မည်သို့မျှ ထူးခြားမှုမရှိကြောင်း အမေရိကန် အငြိမ်းစားဗိုလ်မှူးကြီး အင်ဒရူးဆာစီဗစ်ချ်က ပြောကြားသည်။

၎င်းသည် ဘော့စတွန်တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှ ပါမောက္ခဖြစ်သည်။ အီရတ်နိုင်ငံတွင် အာဏာလွှဲပြောင်း ပေးသည်ဆိုကာမျှနှင့် အီရတ်အစိုးရတပ်ဖွဲ့များသည် ချက်ချင်းထ၍ ပေါ်ပေါက်လာသည် မဟုတ်။ သို့ဖြစ်၍ စစ်ရေးအင်အား မည်သို့မျှ ထူးထူးခြားခြား ပြောင်းလဲလာခြင်းမရှိဘဲဖြစ်ရသည်။ ထို့ကြောင့် စစ်ရေးအင်အားတွင် အခြေခံအားဖြင့် အမေရိကန်၏ အင်အားသာလျှင် မပြောင်းမလွဲ တည်ရှိနေသည်ကို တွေ့ကြရသည်။ ဆန့်ကျင်ဘက် အင်အားစုတွင် လက်နက်ကိုင်ဦးရေသည် တိုးမလာဟုဆိုနိုင်လျှင်ပင် ယခင်ရှိမြဲအင်အားအတိုင်း ဆက်လက်တည်ရှိမြဲတည်ရှိနေသည်ဟု ဆိုရမည်ဖြစ်ကြောင်း ဘာစီဗစ်ချ်က သုံးသပ်သည်။

ယခုနှစ်တွင် အမေရိကန်တပ်ဖွဲ့အတွက် အဆိုးရွားဆုံးသောကာလမှာ ဧပြီလဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅ ဦးတို့ ထိုလတွင်သေဆုံးခဲ့ရသည်။ မေလတွင် နိုင်ငံတောင်ပိုင်းရှိ ရှီးယိုက်များဆန့်ကျင်လာချိန်တွင် ဖော်လူဂျာရှိ ဆွန်နီများကလည်း ခုခံတိုက်ခိုက်လာကြသောကြောင့် အမေရိကန်စစ်ပွဲသေဆုံးမှုမှာ ၈၀ ဦးရှိခဲ့သည်။ ပျမ်းမျှနှုန်းထက် ပို၍များနေခြင်းဖြစ်သည်။

ဩဂုတ်လမှာလည်း အမေရိကန်များအတွက် အသေအပျောက်နှုန်းမြင့်မားသော လတစ်လဖြစ်နေပြန်သည်။ ထိုလတွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါကို သစ္စာခံသော လက်နက်ကိုင်များသည် အမေရိကန်များကို အကြီးအကျယ် ဆန့်ကျင်တွန်းလှန်ခဲ့ကြသည်။ ထို့အပြင် ဘဂ္ဂဒက်နှင့် ဆွန်နီတြိဂံဒေသများမှာလည်း အမေရိကန်တပ်ဖွဲ့ဝင်များကို ဆက်လက် ခြိမ်းခြောက်အန္တရာယ်ပေးလျက်ပင်ရှိသည်။

အကျအဆုံး စာရင်းဇယားများသည် စစ်ပွဲ၏အခြေအနေကိုဖော်ညွှန်းလျက်ရှိသည်။ ထိုကိန်းဂဏန်းများက ကျွန်ုပ်တို့နိုင်ငံသည် စစ်ပွဲနှင့်ရင်ဆိုင်နေရဆဲရှိကြောင်းကို သိသာစေသည်။ ယခုစစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေသော စစ်ဝတ်စုံဝတ် အမေရိကန်အမျိုးသား၊ အမျိုးသမီးများ၏ အနစ်နာခံမှုကြောင့် ကျွန်ုပ်တို့နိုင်ငံ အခြေအနေသည် ယခင်ကထက် ပိုမို၍ လုံခြုံမှုရှိလာသည်ဟု ဘရိုက်ရင်ရိုက်မင်းကဆိုသည်။ ၎င်းသည် အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

အီရတ်တွင်ဖြစ်ပေါ်နေသော ပျမ်းမျှတပ်ဖွဲ့ဝင် သေဆုံးနှုန်းအတိုင်းသာ ဆက်လက်ဖြစ်ပွားနေလျှင် လာမည့်သီတင်းနှစ်ပတ်အတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်သည် ဦးရေ ၁၀၀၀ အထိ ဖြစ်သွားနိုင်သည်။

အင်တာနက်။

ဖော်လူဂျာမြို့တွင် အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်ရှာဖွေနေသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ–အမေရိကန် နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း

မူးယစ်ဆေးဝါးပြဿနာသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် လူမှုရေးစံနှုန်းများကို ထိပါးနစ်နာစေရုံသာမက ကမ္ဘာ့လူသားအားလုံးကိုပါ အန္တရာယ်ပြုနေပြီး ရိုးသားဖြူစင်သည့် တောင်ပေါ်နေ တိုင်းရင်းသားလူမျိုးများနှင့် ဆက်စပ်နေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် သိမ်မွေ့နက်ရှိုင်းစွာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားစီမံဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စများမှာ နိုင်ငံတစ်နိုင်ငံ၏ အဝန်းအဝိုင်းအတွင်းသာ ဖြစ်ပျက်နေသည်မဟုတ်ဘဲ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ နယ်နိမိတ်များအား ကျော်လွန်ကာ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသခွဲနှင့် ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်း၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးသည့် နေရာများတွင် ဒေသအလိုက် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုကြောင်း ကမ်းလှမ်းလာမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် လက်ခံခဲ့ပြီး အမေရိကန်ပညာရှင်များနှင့် ပူးပေါင်း၍ တိုင်းတာလေ့လာမှုများအား ၁၉၉၃ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပါသည်။

ပထမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းကို ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲ၊ ရှောက်မိုးညဲ၊ ရှောက်ဟော်၊ လုံထန်၊ လွယ်ပင်းရဲ၊ မုံးစီးနယ်မြေများ၊ ကွမ်းလုံမြို့နယ် ကာမိုင်း၊ ပန်လုံဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ဆီလူးဒေသ၊ မိုင်းခတ်မြို့နယ် ဝမ်လားဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပင်လောင်း၊ မိုးဗြဲဒေသ၊ ဟိုပုံးမြို့နယ် မိုင်းအင်ဒေသများရှိ ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများကို ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၊ မိုင်းဖျန်မြို့နယ်၊ ကျိုင်းတုံမြို့နယ် မိုင်းအင်–မိုင်းရှန်နယ်မြေ၊ မိုင်းပန်မြို့နယ် ပန်တန်နယ်မြေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ရှောက်ဟော်၊ လုံထန်၊ မန်ခိုပျင်းနယ်မြေ၊ ကွမ်းလုံမြို့နယ် လွယ်ပင်းရဲ၊ ပန်လုံနယ်မြေများရှိ ဘိန်းခင်းများကို သွားရောက် ဆောင်ရွက်ခဲ့ပါသည်။

တတိယအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းများကို ၁၉၉၇ ခုနှစ် မတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်တန်းဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းခုတ်ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် ကိုးကန့်ဒေသ ကုန်းကြမ်းမြို့နယ်၊ မုံးကိုးဒေသ၊ ဟောမိုးလုံနှင့် ဖောင်းဆိုင်နယ်မြေများအတွင်း ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းသီးနမူနာများ ရယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

စတုတ္ထအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး လုပ်ငန်းများကို ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ လင်းခေးမြို့နယ် မိုင်းပန်ဒေသ၊ လွိုင်လင်မြို့နယ် မဲနယ်တောင် ဒေသ၊ လဲချားမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ဒေသရှိ ဝလင်းနယ်မြေ၊ ဟိုပန်မြို့နယ် ပန်လုံဒေသ၊ တန့်ယန်းမြို့နယ်များအတွင်း ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းသီးနမူနာများ ရယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပဉ္စမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး လုပ်ငန်းများကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ် မိုင်းပွန်ဒေသ၊ လင်းခေးမြို့နယ် မိုင်းပန်ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ဒေသ၊ မိုင်းမောမြို့နယ် ဝလင်းရွာ၊ နမ့်ခမ်းမြို့နယ် မြင်ထန်တောင်ကြော၊ လားရှိုးမြို့နယ် မုံးယော်ဒေသ၊ မန်တုံမြို့နယ် အတွင်းရှိ ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းနှင့်ပတ်သက်သည့် နမူနာ ပစ္စည်းများ စုဆောင်းခြင်း၊ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းနေရာများမှ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးကိစ္စများ ဆောင်ရွက်နေမှုအပေါ် လေ့လာ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

ဆဋ္ဌမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး လုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း/တောင်ပိုင်း/မြောက်ပိုင်း)အတွင်းရှိ မိုင်းဆတ်၊ မိုင်းပျဉ်း၊ နောင်လိုင်၊ ကွမ်းလုံ(လွယ်ပင်းရဲ)၊ လောက်ကိုင်(မိုင်လီရှူးဝါး)နှင့် ဝလင်းဒေသများသို့ သွားရောက်ပြီး ဘိန်းခင်းများ ဖျက်ဆီးထားမှုအခြေအနေ လေ့လာခြင်းနှင့် ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံခြင်း၊ ဘိန်းခင်း ၃၄ ခင်းမှ ဘိန်းသီးနမူနာ တစ်စတုရန်း မီတာကွက်ပေါင်း ၁၂၀ ရယူခဲ့ကြောင်း၊ ဘိန်းစေ့၊ ဘိန်းရွက်နှင့် မြေနမူနာများလည်း ရယူခဲ့ကြောင်း သိရပါသည်။

သတ္တမအကြိမ် မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းကို ၂၀၀၁ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပေါက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ နောင်လိုင်ဒေသ၊ ဟိုပန်မြို့နယ် ပန်လုံဒေသသို့ သွားရောက်ပြီး ဘိန်းခင်းများမှ ဘိန်းသီး၊ ဘိန်းရွက်နှင့် ဘိန်းစေ့၊ မြေစသည့် နမူနာများ ရယူဆောင်ရွက်ခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါသည်။

အဋ္ဌမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး လုပ်ငန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၂ ရက်နေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်များအတွင်းရှိ ဝေးလံခေါင်းပါးသည့် သွားရောက်ရန် ခက်ခဲသောနေရာများရှိ ဘိန်းခင်းများသို့ သွားရောက်ခဲ့ပြီး ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းသီး၊ ဘိန်းစေ့၊ ဘိန်းရွက်နှင့် မြေစသည့် နမူနာပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ အစားထိုး မွေးမြူရေး၊ မူးယစ်ဆေးဝါး ဆေးစွဲနေသူများအား ကုသရေး၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

နဝမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၃ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း၊ မိုင်းခတ်၊ မိုင်းပေါက်နှင့် ကျိုင်းတုံမြို့နယ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ် "ဝ"ဒေသနှင့် ကိုးကန့်ဒေသများအတွင်း ဘိန်းခင်းနေရာများသို့ သွားရောက်၍ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့် ပတ်သက်သည့် ဘိန်းရွက်၊ ဘိန်းသီးနှင့် ဘိန်းစိမ်းနမူနာပစ္စည်းများအား စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

ဒသမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်း လုပ်ငန်းကို ၂၀၀၄ ခုနှစ် မတ်လ ၃ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်၊ ဆီဆိုင်၊ နမ့်စန်၊ လဲချားနှင့် မိုင်းရှူးမြို့နယ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်း၊ ကျိုင်းတုံနှင့် မိုင်းခတ်မြို့နယ်များ၊ ရှမ်းပြည်နယ်

လမ်းမတော်ကျော်ခေါင်

(မြောက်ပိုင်း) "ဝ"ဒေသ (ခွင်မား၊ မိုင်းမော၊ နမ့်တစ်၊ လုံထန်၊ ဟိုပန်)၊ ကိုးကန့်ဒေသ(လောက်ကိုင်)၊ ကွတ်ခိုင်မြို့နယ်များသို့ သွားရောက်၍ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းရွက်၊ ဘိန်းသီးနှင့် ဘိန်းစိမ်းနမူနာများအား စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သော ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး(Opium Yield Survey)အရ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုး ထွက်ရှိမှုမှာ ၁၉၉၇ ခုနှစ်မှ စ၍ သိသိသာသာ လျော့နည်းခဲ့ပြီး နှစ်စဉ်ဆက်တိုက် လျော့နည်းကျဆင်းလာကြောင်း၊ မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ခဲ့သော ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရရှိမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တာဝန်ရှိသူများက ဆက်သွယ် ပြောကြားချက်အရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးဧက ၇၅၉၈၄ ဒသမ၄ (၃၀၈၈၈)ဟက်တာရှိပြီး ဘိန်းထွက်ရှိမှုမှာ ၂၉၂ တန်ဖြစ်ကြောင်း သိရှိရသဖြင့် ၁၉၉၆ ခုနှစ် ဘိန်းထွက်ရှိမှု တန် ၂၅၆၀ နှင့် နှိုင်းယှဉ်ပါက ၈၉ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းသွားကြောင်း သိရပါသည်။

သို့ပါ၍ မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာမှုရလဒ်သည် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအား မျက်ဝါးထင်ထင် ပီပြင်ပုံပေါ်စေပါသည်။ ဆက်လက်၍ နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး လုံးဝပပျောက်သွားစေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို မိမိနိုင်ငံ အစီအစဉ်ဖြင့် ၁၉၉၉–၂၀၀၀ ပြည့်နှစ်တွင် စတင်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံနှင့်လည်း ပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာသည့် လုပ်ငန်းများအား နှစ်စဉ်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း တင်ပြလိုက်ရပေသည်။ ။

မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သော ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး (Opium Yield Survey) အရ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထွက်ရှိမှုမှာ ၁၉၉၇ ခုနှစ်မှစ၍ သိသိသာသာ လျော့နည်းခဲ့ပြီး နှစ်စဉ်ဆက်တိုက် လျော့နည်းကျဆင်းလာကြောင်း၊ မြန်မာ–အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သော ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရရှိမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တာဝန်ရှိသူများက ဆက်သွယ် ပြောကြားချက်အရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးဧက ၇၅၉၈၄ ဒသမ ၄ (၃၀၈၈၈) ဟက်တာရှိပြီး ဘိန်းထွက်ရှိမှုမှာ ၂၉၂ တန်ဖြစ်ကြောင်း သိရှိရသဖြင့် ၁၉၉၆ ခုနှစ် ဘိန်းထွက်ရှိမှု တန် ၂၅၆၀ နှင့် နှိုင်းယှဉ်ပါက ၈၉ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းသွားကြောင်း သိရပါသည်။





မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၉–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –The Question of Savings in Micro Finance Systems (အိမ်တွင်းစီးပွား)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း–၂၄)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်မား" (အပိုင်း–၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အမျိုးသားရေး တာဝန်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသများ၌ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ အစားထိုး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းမဒေသရှိ ဘိန်းအစားထိုး သီးနှံ နှစ်ရှည်စိုက်ခင်းကိုတွေ့ရစဉ်။ (နယ်စပ်/စည်ပင်)

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မြန်မာ-အမေရိကန် နှစ်နိုင်ငံ အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကို ၁၉၉၃ ခုနှစ်မှ စတင်ခဲ့ရာ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့ဝင်များ နဝမအကြိမ်အဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၃ ရက်အထိ ရှမ်းပြည်နယ်အတွင်း ဘိန်းအထွက်နှုန်း ခန့်မှန်း တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း ခန့်မှန်း တိုင်းတာရေးအဖွဲ့ဝင်များ အဋ္ဌမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်း တိုင်းတာရေးလုပ်ငန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၂ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်အချို့၌ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ဘိန်းအထွက်နှုန်း တိုင်းတာကြစဉ်။ (အောက်ပုံ)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဘိန်းခင်းများအား ဖျက်ဆီးကြစဉ်။

(အောက်ဆုံးပုံ) (သတင်းစဉ်)

မြန်မာ-အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းအဖွဲ့ဝင်များ ဘိန်းအထွက်နှုန်း တိုင်းတာစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ဘိန်းခင်းများအား ဒေသခံတောင်သူများက စုပေါင်း ဖျက်ဆီးကြစဉ်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ ရှေ့ဖုံးမှ

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူး၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့ နိုင်ငံတော်တွင် ဖွင့်လှစ်ထားသော အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း စသည့် အခြေခံပညာ စာသင်ကျောင်းပေါင်း ၄၀၅၀၅ ကျောင်းမှ ဆရာ ၂၃၃၀၀၀ ကျော်တို့ကို တစ်သုတ်ပြီးတစ်သုတ် အောက်မြန်မာပြည်မှာရော၊ အထက်မြန်မာပြည်မှာပါ ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများခွဲပြီးပေးခဲ့ရာ ယခုဆိုလျှင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ သင်တန်းအမှတ်စဉ်(၅၅) ရောက်နေပြီဖြစ်သကဲ့သို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ သင်တန်းအမှတ်စဉ်(၂၁)အထိ ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းလူ့အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသည့် အခြေခံပညာမှ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုအခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း ဆက်စပ်လေ့လာ နားလည်သိရှိပြီး ကျောင်းဆရာများ၏ ထမ်းဆောင်ရမည့်၊ ထမ်းဆောင်ထိုက်သည့် မွန်မြတ်သောအခန်းကဏ္ဍကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် ပိုမိုရှင်းရှင်းလင်းလင်း သိမြင်ခံယူနိုင်ရန်နှင့် လက်တွေ့အလုပ်လုပ်နိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းမျိုးကို တက်ရောက်လာရခြင်းဖြစ်ကြောင်း။

အံ့မခန်းတိုးတက်နေ

ယနေ့ခေတ်၊ ယနေ့ကာလသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ အံ့မခန်းတိုးတက်နေသည့် ကာလဖြစ်ကြောင်း၊ ဤနည်းပညာ ပြောင်းလဲတိုးတက်မှုသည် လူ့ဘောင်အဖွဲ့အစည်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီးကို လွှမ်းမိုးရိုက်ခတ်လျက်ရှိကြောင်း၊ ကမ္ဘာကြီးတစ်ခုလုံးသည်လည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ် တိုးတက်ပြောင်းလဲလာနေခြင်းဖြစ်ကြောင်း။

အမှန်တကယ်လည်း ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ ဖြစ်ပျက်မှုတစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းမျှအတွင်း ကြားနိုင်၊ မြင်နိုင်၊ သိနိုင်သည့် အခြေအနေရောက်ရှိနေပြီဖြစ်ကြောင်း၊ ယနေ့ သိပ္ပံပညာအရ ရှာဖွေဖော်ထုတ် တီထွင်ရရှိသည့် ပညာရပ်(Discovery)တစ်ခုသည် လက်တွေ့ အသုံးပြုနိုင်သည့် အဆင့်အထိ အမြန်ဆုံးသောနှုန်းဖြင့် ကူးပြောင်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပညာခေတ်

ဤကဲ့သို့ ပြောင်းလဲတိုးတက်နေသည့်ခေတ်တွင် ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ အနာဂတ်ကို တတ်နိုင်သမျှ မျှော်မှန်းတွက်ဆပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားအကျိုးစီးပွားအတွက် အဘက်ဘက်မှ ချင့်ချိန်တွက်ချက် ကြိုးပမ်းဆောင်ရွက်လာလျက်ရှိကြောင်း၊ အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ်နိုင်ငံသားများ မွေးထုတ်ရေးအတွက် ပညာရေးစနစ်များကို နိုင်ငံအလိုက် ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ မရပ်မနားပြုလုပ်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံအလိုက် မိမိတို့နိုင်ငံသားများ၏ ပညာအရည်အသွေးကိုမြှင့်တင်ရန် အားထုတ်နေကြခြင်းဖြစ်သည့်အတွက် **ယနေ့ခေတ်ကို ပညာခေတ်**ဟုပင် သတ်မှတ်ခေါ်ဆိုနေရပြီဖြစ်ကြောင်း။

ဤကဲ့သို့အခြေအနေမျိုးတွင် အကြောင်းအမျိုးမျိုးကြောင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေရသည့် မိမိတို့နိုင်ငံကို အမြန်ဆုံး နိုင်ငံတကာနှင့်

ယနေ့ မိမိတို့နိုင်ငံ၏အခြေအနေအရ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း...
သူများခြေလှမ်းတစ်လှမ်း လှမ်းလျှင် မိမိက လေး၊ ငါး၊ ဆယ်လှမ်း လှ...

ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာအောင် မိမိတို့ ကြိုးပမ်းတည်ဆောက်သည့်နေရာ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဘက်စုံကဏ္ဍစုံမှ ပြန်လည်ပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်ရသည့် လုပ်ငန်းတာဝန်သည် မြားမြောင်လှသကဲ့သို့ များစွာရှုပ်ထွေးသိမ်မွေ့လှကြောင်း၊ တိုင်းပြည်၏ ကဏ္ဍတိုင်းလိုလိုတွင် အစစအရာရာလိုအပ်မှု၊ အားနည်းမှု၊ အံဝင်ခွင်မကျမှုများဖြင့် ကြုံတွေ့နေရသည့်အတွက် ဖြည့်ဆည်းပေးစရာ၊ ပြန်လည်ပြုပြင်စရာများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် လုပ်ကိုင်ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း။

ပြောင်းလဲထူထောင်

ခေတ်သစ်၊ စနစ်သစ်နှင့် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်နှင့် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်အတွက် ပညာရေးကဏ္ဍကလည်း ခေတ်နှင့်အညီ စွမ်းရည်ထက်မြက်မှုနှင့် ကျွမ်းကျင်မှုရှိသည့် လူ့အရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ မွေးထုတ်နိုင်သည့် ပညာရေးစနစ်မျိုးကို ပြောင်းလဲထူထောင်နိုင်မှလည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အနာဂတ်သည် ရှင်သန်နိုင်မှာဖြစ်ကြောင်း။

အရင်းခံအကြောင်းတရား

နိုင်ငံတော်အကြီးအကဲ တိုင်းပြည်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက—

"အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုသည် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန်တိုးတက်ပြောင်းလဲနေကြောင်း"၊ "ထို့ကြောင့် နိုင်ငံအသီးသီးသည် အသိပညာ၊ အတတ်ပညာကြွယ်ဝအောင် လှုပ်ရှားဆောင်ရွက်နေကြကြောင်း"၊ "အသိပညာနယ်ပယ်ခေတ်ဟု ပြောရလောက်အောင် အသိပညာကြွယ်ဝရေးအတွက် အားထုတ်နေကြကြောင်း"

"အသိပညာ၊ အတတ်ပညာ၊ သတင်းနှင့်ပြန်ကြားရေးစနစ်နှင့် ဗဟုသုတတို့သည် နိုင်ငံကို စွမ်းအားရှိအောင် ထူထောင်ရာတွင် အခြေခံကျသည့် လိုအပ်ချက်ပင်ဖြစ်ကြောင်း"

"ပညာရေးကို ပြုပြင်နိုင်စွမ်းရှိမှာဖြစ်ကြောင်း၊ ပညာရေးသည် တိုးတက်ဖွံ့ဖြိုးမှု၏ အရင်းခံအကြောင်းတရားဖြစ်ကြောင်း"

စသည်ဖြင့် နိုင်ငံတော်ထူထောင်ရာ၌ ပညာရေး၏အရေးပါမှုကို အခါအားလျော်စွာ လမ်းညွှန်ထောက်ပြမှုများ ပြုလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းအားပေးမှု၊ မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ ကြပ်မတ်စောင့်ရှောက်မှု၊ ပညာရေးဝန်ထမ်းများ၏ စုပေါင်း ညှိနှိုင်းဆွေးနွေးအဖြေရှာမှုတို့၏ အကျိုးဆက်အဖြစ် အမျိုးသား ပညာရည်မြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများ လက်တွေ့ကျကျ ပေါ်ထွက်လာခဲ့ကြောင်း၊ ကျောင်းတိုင်း ကျောင်းတိုင်းတွင်လည်း အနာဂတ်ကို ရဲရဲတင်းတင်း မျှော်မှန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်မော်ကွန်းများကို ဆရာ၊ ဆရာမများ မြင်တွေ့ကြသည့်အတိုင်း မှန်မြတ်ခိုင်မာစွာ စိုက်ထူထားပြီးဖြစ်ကြောင်း။

ဤမျှော်မှန်းချက်သည် နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်ကြာစွာ ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် မြင့်မြင့်မားမား၊ မွန်မွန်မြတ်မြတ်ထားရှိသည့် မျှော်မှန်းချက်ဖြစ်ကြောင်း၊ ဤမျှော်မှန်းချက်သည် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ ခိုင်မာသည့်ယုံကြည်ချက်ပင် ဖြစ်ရမည်ဖြစ်ကြောင်း။

နိုင်မြဲသည့်အရင်းအမြစ်

ထပ်ဆင့်ရှင်းလင်းပြောကြားရလျှင် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာ အဆင့်အတန်းမြင့်မားမှုက ပင်မအချက်အချာကျလျက်ရှိကြောင်း၊ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာသည် နိုင်ငံတော်၏ မကုန်ဆုံးနိုင်သည့်၊ ခိုင်မြဲသည့် အရင်းအမြစ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ဆရာများကလည်း မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ မိမိတို့တိုင်းရင်းသားလူမျိုး ညီအစ်ကိုအားလုံး၏ အကျိုးစီးပွားများနှင့် ဆက်စပ်နေရုံသာမက တစ်မျိုးသားလုံး၏ ကံကြမ္မာကိုပါ ရေရှည်အဆုံးအဖြတ်ပေးသွားမည့် ပညာရေးလုပ်ငန်းတာဝန်များ ဖြစ်သည်ဟု ရှင်းလင်းစွာ ခံယူထားကြရမှာဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ ရှာဖွေစူးစမ်းလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲအားပေးမြှင့်တင်ပြီး ထူချွန်ထက်မြက်သူများဖြစ်လာအောင် မြေတောင်မြှောက်ပေးရမှာဖြစ်ကြောင်း၊ ကျောင်းသူ၊ ကျောင်းသားအားလုံးအနေဖြင့် သင်ယူမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်နှင့် ဗဟုသုတနယ်ပယ် စသည့်နယ်ပယ်အားလုံးတွင် ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြည့်ရှုထိန်းကျောင်းအားပေးသွားနိုင်ရမှာဖြစ်ကြောင်း။

အသုံးချမြှင့်တင်

ကျောင်းသား၊ ကျောင်းသူများကို အဆင့်အလိုက် စာတတ်မြောက်စေရုံသာမက အသိပညာ၊ ဗဟုသုတ၊ ရသ ပွားများတတ်ပြီး စိတ်ထားမွန်မြတ်ရန်၊ ဝီရိယရှိရန်၊ စည်းကမ်းရှိရန်၊ မျိုးချစ်စိတ်ဓာတ်ရှိရန် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများကို အသုံးချမြှင့်တင်သွားကြရမှာဖြစ်ကြောင်း၊ ခြုံလိုက်လျှင် အဆင့်အလိုက်၊ အတန်းအလိုက် တတ်မြောက်သင့်သော ပညာရည်ပြည့်ဝပြီး နှလုံးလှသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ကြရမှာဖြစ်ကြောင်း၊ အမှန်တကယ် ဆန်းစစ်ကြည့်မည်ဆိုလျှင် ဆရာ၊ ဆရာမတို့၏ လုပ်ငန်းတာဝန်သည် ခံယူလျှင် ခံယူနိုင်သလောက် ကြီးမား ကျယ်ပြန့်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့လူ့အဖွဲ့အစည်း၌ ဆရာများသည် မြင့်မြတ်လှသည့် ကျေးဇူးရှင်ဂိုဏ်းဝင်များအဖြစ် ခိုင်မြဲစွာ နေရာရရှိနေကြခြင်းဖြစ်ကြောင်း၊ ဆရာဆိုသည့် စကားလုံး၏ နောက်ကွယ်၌ မေတ္တာ၊ ကရုဏာ၊ အကြင်နာများရှိသကဲ့သို့ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများလည်း ပါနေပြီဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ၏ အတွေးအခေါ်နှင့် အသိပညာသည် အမြဲရှင်သန်နေမှသာ မိမိ၏တပည့်များသည်လည်း ရှင်သန်နေသည့် တပည့်များ၊ ဆရာကောင်း၏ တပည့်ကောင်းများအဖြစ် ပေါ်ထွက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက မကြာသေးမီကာလကပင် **"မိမိတို့ နိုင်ငံသားများရဲ့ ပညာရည်စွမ်းအား** (Intellectual Power) **မြှင့်တင်ပေးရမှာဖြစ်ကြောင်း၊ ယင်းသို့ မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးကို စနစ်တကျ ကောင်းအောင် လုပ်ကြရမှာဖြစ်ကြောင်း"ဖြင့် နိုင်ငံသားတို့၏ ပညာရည်မြင့်မားရေး လိုအပ်ချက်ကို အလေးပေး လမ်းညွှန်ခဲ့ကြောင်း။**

ထို့ကြောင့် ဆရာ၊ ဆရာမတို့အနေဖြင့် နိုင်ငံသားများ၏ ပညာရည် အဆင့်အတန်းမြင့်မားလာအောင် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်

ပူးပေါင်းအကောင်အထည်ဖော်နေသည့် ...
ကျောင်းနေအရွယ်ကလေးအားလုံး ကျော...
ကလေးအားလုံး မူလတန်းပညာပြီးဆုံးသ...
တန်းပညာ ဆက်လက်သင်ယူရေးလုပ်...
အောင်မြင်အောင် တာဝန်ရှိရှိ၊ တာဝန်...
ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အဆင့်မြင့်...

ယနေ့ နိုင်ငံသားများ၏ စာတတ်...
အရွယ်ကလေးများ ကျောင်းနေသည့်နှုန်း...
အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်...
ဤအောင်ပွဲသည် လူတိုင်းအတွက် ပညာ...
အပြင် ပညာရေးဝန်ထမ်းများ၏ အောင်...
အထည်ဖော်ခဲ့ကြသည့် မိဘပြည်သူများ၊ ...
အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးထမ်းပဲ့ထမ်း...
တတ်မှု၏ အောင်ပွဲလည်းဖြစ်ကြောင်း။

ဆက်လက်ပြီး ကျောင်းနေသည့်က...
မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်...
ဆရာ၊ ဆရာမများက ဥစ္စာရင်လို ဥစ္...
လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်...
မြန်မာလူမျိုးတို့၏ စေတနာ၊ သဒ္ဓါနှင့်...
များကြောင့် မလွဲမသွေ ပြီးမြောက်အောင်...

လေးငါးဆ...

ဤနေရာတွင် နိုင်ငံတော်နှင့် ...
အခြေခံပညာကျောင်းများ၌ တပ်ဆင်...
အီလက်ထရောနစ်ပစ္စည်းများကို အစွမ်းကု...
ကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏အခြေအ...
နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သ...
ခြေလှမ်းတစ်လှမ်းလှမ်းလျှင် မိမိက လေး...

နိုင်ငံတော်၏ အခြေခံကျသည့် ...
လျှပ်စစ်၊ စွမ်းအင်၊ စက်မှုစသည့် ကဏ္ဍ...
ရေးကို လုပ်နေရသကဲ့သို့ လမ်းများ၊ ...
မနားမနေ တည်ဆောက်နေရခြင်းဖြစ်...
ကျန်းမာရေးကဏ္ဍများကိုလည်း မြို့...
ရနေခြင်းမျိုးမဖြစ်စေဘဲ ပြည်ထောင်စုကြီ...
အခွင့်အလမ်းများရစေရန်အတွက် အကွ...
ဆောင်ရွက်နေရသည့်အချိန်ဖြစ်ကြောင်း...

ဤကဲ့သို့ အခြေအနေမျိုးတွင် အလျ...
ရပ်များကိုရော၊ လူ့စွမ်းအားအရင်းအမြစ်...
ရမှာဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင်ရှိသ...
ကွန်ပျူတာ စသည့် အဆင့်မြင့်နည်းပည...
ရန်ကုန်မြို့အပါအဝင် မြို့ကြီးပြကြီးများ...
ပို့ချမှုများကို ကျေးလက်ဒေသမှ ကျောင်း...
နားလည်ကျွမ်းကျင်သည်အထိ အချိန်တို...
နားအရသင်ကြားနိုင်သည့် အခြေအနေ...
ပစ္စည်းများကို အသုံးပြုပြီး တပည့်များက...

မှန်မြတ်ခိုင်မာစွာ စိုက်ထူ

အမျိုးသား ပညာရည် မြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသား ပညာရည် မြင့်မားရေး စီမံကိန်းများ လက်တွေ့ ကျကျ ပေါ်ထွက်လာခဲ့။

ကျောင်းတိုင်း ကျောင်းတိုင်းတွင် လည်း အနာဂတ်ကို ရဲရဲတင်းတင်း မျှော်မှန်းထားသည့် အမျိုးသားပညာ ရည် မြင့်မားရေး မျှော်မှန်းချက် မော်ကွန်းများကို မှန်မြတ်ခိုင်မာစွာ စိုက်ထူထားပြီးဖြစ်။

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါန ငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပူးပေါင်းအကောင်အထည်ဖော်နေသည့် လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်း၊ ကျောင်းနေသည့်ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ သင်ယူရေးလုပ်ငန်း၊ အလယ်တန်းပညာ ဆက်လက်သင်ယူရေးလုပ်ငန်းတို့ကို အောင်မြင်သည်ထက် အောင်မြင်အောင် တာဝန်ရှိရှိ၊ တာဝန်သိသိ အလေးအနက်ထား လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အဆင့်မြင့်နိုင်ငံ

ယနေ့ နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းအရရော၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသ၌ အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း၊ ဤအောင်ပွဲသည် လူတိုင်းအတွက် ပညာရေး၏ ခိုင်မြဲသော ခြေလှမ်းဖြစ်သည့်အပြင် ပညာရေးဝန်ထမ်းများ၏ အောင်ပွဲအဖြစ်သာမက ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြသည့် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးထမ်းပဲ့ထမ်း စေတနာထက်သန်စွာ တာဝန်ယူတတ်မှု၏ အောင်ပွဲလည်းဖြစ်ကြောင်း။

ဆက်လက်ပြီး ကျောင်းနေသည့်ကလေးများ ကျောင်းနေမြဲရန်၊ အနည်းဆုံး မူလတန်းပညာ ပြီးဆုံးသည်အထိ ကျောင်းနေရန်ဆိုသည့် ရည်မှန်းချက်များကို ဆရာ၊ ဆရာမများက ဥစ္စာရင်လို ဥစ္စာရင်ခဲ ကမကထပြုပြီး ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ဤလုပ်ငန်းများမှာလည်း မြန်မာလူမျိုးတို့၏ စေတနာ၊ သဒ္ဓါနှင့် ပညာရေးအပေါ်တွင် စိတ်ဝင်စားမှုများကြောင့် မလွဲမသွေ ပြီးမြောက်အောင်မြင်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

...နှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် ...၊ ဆယ်လှမ်း လှမ်းရမှာဖြစ်

လေးငါးဆယ်လှမ်း

ဤနေရာတွင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ တပ်ဆင်ထားသည့် ခေတ်မီ မာလ်တီမီဒီယာ အီလက်ထရောနစ်ပစ္စည်းများကို အစွမ်းကုန် အပြည့်အဝအသုံးချရန် မှာကြားလိုကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏ အခြေအနေအရ အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သည့်ဘဝကို ရောက်ရန်အတွက် သူများ ခြေလှမ်းတစ်လှမ်းလှမ်းလျှင် မိမိက လေးငါးဆယ်လှမ်း လှမ်းရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးမှသည် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုစသည့် ကဏ္ဍများအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးကို လုပ်နေရသကဲ့သို့ လမ်းများ၊ တံတားများ၊ ဆည်တမံများကိုလည်း မနားမနေ တည်ဆောက်နေရခြင်းဖြစ်ကြောင်း၊ ထို့အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများကိုလည်း မြို့ကြီးပြကြီးများမှာသာ အခွင့်အလမ်းရနေခြင်းမျိုးမဖြစ်စေဘဲ ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးတွင် ညီမျှသည့် အခွင့်အလမ်းများရစေရန်အတွက် အကွက်ကျကျ ဟာကွက်မရှိရအောင် စီမံဆောင်ရွက်နေရသည့်အချိန်ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် အလျင်အမြန်တိုးတက်နေသည့် နည်းပညာရပ်များကိုရော၊ လူ့စွမ်းအားအရင်းအမြစ်များကိုပါ အပြည့်အဝ အသုံးပြုသွားရမှာဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင်ရှိသည့် ကက်ဆက်၊ ဗီဒီယို၊ တီဗွီ၊ ကွန်ပျူတာ စသည့် အဆင့်မြင့်နည်းပညာပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးပြကြီးများမှ နာမည်ကြီး ဆရာကောင်းများ၏ ပို့ချမှုများကို ကျေးလက်ဒေသမှ ကျောင်းသားများက သင်ယူနိုင်မှာဖြစ်ကြောင်း၊ နားလည်ကျွမ်းကျင်သည်အထိ အချိန်တိုအတွင်းတွင် အကြိမ်ကြိမ် မျက်စိအရ၊ နားအရသင်ကြားနိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ ဤမာလ်တီမီဒီယာပစ္စည်းများကို အသုံးပြုပြီး တပည့်များက လွယ်လင့်တကူ သင်ယူနိုင်သကဲ့သို့ ဆရာများကလည်း မိမိတို့၏ အသိပညာတိုးတက်ရေး၊ လိုအပ်သည့် အဆင့်မြင့်ပညာရပ်များ တိုးချဲ့သင်ယူရေးတို့ကို လက်လှမ်းတမီ လေ့လာနိုင်မှာဖြစ်ကြောင်း၊ ဤနည်းဖြင့် တောနှင့်မြို့အကြား ပညာသင်ကြားမှု အခွင့်အလမ်းကွာဟမှုများသည် ကျဉ်းကျုံ့သွားစေမှာဖြစ်ကြောင်း။

ရှာဖွေဆန်းစစ်လေ့လာ

နိဂုံးချုပ်အားဖြင့် ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်ကာလတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ပညာရေးနယ်ပယ်၏ လုပ်ငန်းတာဝန်များကို ယခုသင်တန်းတွင် ရှာဖွေဆန်းစစ်လေ့လာပြီး ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်နှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်အောင်၊ တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လိုအပ်သည့်အသိအမြင်များ၊ အတွေးအခေါ်များ ပွားများနိုင်ပါစေဟု မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၀၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယင်းနေ့မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက “နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စာတတ်မြောက်မှုအခြေအနေ သုံးသပ်ချက်” စာတမ်းနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်က “နယ်စပ်ဒေသ စာတတ်မြောက်ရေးလုပ်ငန်း (၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ)” စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၀၄ (အင်္ဂါနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ မွေဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၁၅	၆။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၇။	International News.
၈:၄၅	၈။	Islands of Dhamma.
၈:၅၀	၉။	**ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒုတိယ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပြည်မြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၁၊သန်လျင်)(အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး)(ရူပဗေဒ)
၅:၀၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၂၀	၆။	၂၀၀၄ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ပညာရှင်အဆင့်)(အမျိုးသား၊အမျိုးသမီး)
၅:၃၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅	၈။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “မျောက်မင်းဝုခုန်း” (အပိုင်း-၂၂)**
၆:၃၀	၉။	ညနေခင်းသတင်း
၇:၀၀	၁၀။	မိုးလေဝသအခြေအနေ
၇:၀၅	၁၁။	စိမ်းနေဦးမည် တို့မြန်ပြည်
၇:၂၀	၁၂။	ကြေးမုံရိပ်သွင် တေးနယဉ်
၇:၃၅	၁၃။	တန်ခိုးတော်အနန္တ ပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ “တစ်ရံရောအခါ” (အပိုင်း-၂၀)**
	၁၈။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းများအားရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ရှင်းလင်းဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၏ ဇနီး အကြံပေးပုဂ္ဂိုလ် ဒေါ်မိုးမိုးမြင့်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၏ ဇနီး ဒေါ်ကြည်စိန်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် အမျိုးသမီးဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့နှင့် လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းတာဝန်များ၊ မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံတို့ကို ကဏ္ဍများ အသီးသီးခွဲခြား၍ ရှင်းလင်းဟောပြောပြီး “အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေး၊ ဇာတိမာန်ထက်သန်သော အမျိုးသမီးများ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော အမျိုးသမီးများ ပေါ်ထွန်းရေးအတွက် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရေး ဆွေးနွေးဟောပြောသည်။

လှူဒါန်းငွေပေးအပ်

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ကို ဝန်ကြီး၏ ဇနီး အကြံပေးပုဂ္ဂိုလ် ဒေါ်မိုးမိုးမြင့်က ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက်	-	၇-၉-၂၀၀၄ (အင်္ဂါနေ့)
အချိန်	-	မွန်းလွဲ (၂)နာရီ
နေရာ	-	ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်း နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

...က်များပေါ်ထွန်းရေး ...ညီလှူဒါန်းကြမည်

...၆

...စီးဌာနက အကောင်အထည်ဖော်ဆောင်ရွက် ...ညီနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ...းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ...သွားမည်ဖြစ်သည်။

...ဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် ...အုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်

...ခနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ...ကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ...ရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ...၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁- ...တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အထက(၂)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးရီက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မဇာခြည်စုလှိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ရွှေကိန္နရီဖြင့် ရတနာပူရမှ အရိမဒ္ဒနပူရသို့

စိုးတင့် – I.W.T

နံနက် ၆နာရီတွင် ဂေါဝိန်ဆိပ်ကမ်းမှ သင်္ဘော စတင်ထွက်ခွာသည်။ သင်္ဘော၏အမည်မှာ "ရွှေကိန္နရီ(၁)" ဖြစ်သည်။ ပြည်တွင်း ရေကြောင်းပို့ဆောင် ရေး၊ ဧရာဝတီဌာနခွဲမှ မန္တလေး–ပုဂံ အထူးခရီးစဉ်အဖြစ် ၁၉၉၆ ခုနှစ်မှ စတင်၍ ပြေးဆွဲခုတ်မောင်းခဲ့ပါသည်။ "ရွှေကိန္နရီ (၁), (၂), (၃)"ဟူ၍ သုံးစီးအစုန်အဆန် ခုတ်မောင်းပို့ဆောင်ပေးနေသည်။ "ရွှေကိန္နရီ" သည် လူစီးခေတ်မီနှစ်ထပ်သင်္ဘောဖြစ်သည်။ အောက်ထပ်တွင် ခရီးသည်များ သက်သာချောင်ချိစွာ လိုက်ပါနိုင်ရန် သန့်ရှင်း သပ်ရပ်သည့် ဆိုဖာထိုင်ခုံများ အစီအရီရှိပြီး လေအေးပေးစက်ကို မောင်းနှင်ပေးထားသည်။ အပေါ်ထပ်တွင် စားသောက်ခန်းမကြီးနှင့် ခရီးသွားများ ဧရာဝတီရှုခင်းအား ကြည်နူးချမ်းမြေ့ကြည့်ရှုနိုင်စေရန် စီစဉ်ထားသည်။ ဧရာဝတီမြစ်ပြင်ကို ဖြတ်ကျော် တိုက်ခတ်လာသည့် သန့်ရှင်းလတ်ဆတ်သောလေကို တစ်ဝကြီးရှူ၍ စိမ်းတလီ၊ ညိုတစ်လှည့်နှင့် ပြာလဲ့သည့် ကောင်းကင်နောက်ခံထားသည့် တောင်စဉ်တောင်တန်းကြီးများ၊ အလှကြွယ်သည့် မြန်မာ့ရှုခင်း၊ ရိုးသားအေးချမ်းသည့် မြန်မာ့စိတ်ရင်းကို သိမ်မွေ့နက်ရှိုင်းစွာ ခံစားတွေ့မြင်နိုင်သည်။

"ရွှေကိန္နရီ" သည် မန္တလေး–ပုဂံ ခရီးစဉ်အား တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့များမှအပ နေ့စဉ် နံနက် ၆နာရီတွင် ခုတ်မောင်းပို့ဆောင်ပေးနေသည့် ဧရာဝတီမြစ်ကြီး၏ အစုန်ခရီးဖြစ်သည်။ လက်ဝဲဘက်တွင် မန္တလေးမြို့ပတ် လမ်းမကြီးနှင့် ရတနာပုံခေတ်က တည်ခဲ့ပြီး ယနေ့တိုင် သမိုင်းနှင့်ယှဉ်၍ ရပ်တည်နေသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ရတနာပုံသင်္ဘော ကျင်းကြီးကို မြင်တွေ့ရသည်။ လက်ယာဘက်တွင် စိမ်းညို့နေသည့် မင်းဝံ တောင်ရိုး (စစ်ကိုင်းတောင်ရိုး)ကို မြင်တွေ့ရသည်။ ရွှေကြက်ယက်၊ ရွှေကြက်ကျ အလွန်တွင် ဧရာဝတီ မြစ်ကူးတံတားသစ် တည်ဆောက်မှုလုပ်ငန်းခွင်ကို ဝဲ၊ ယာ ကမ်းနှစ်ဖက်စလုံး၌ ဂုဏ်ယူအားတက်ဖွယ် မြင်တွေ့ရသည်။ ထို့နောက် စစ်ကိုင်းတံတားကို ဖြတ်ကျော်ပြီး သည်နှင့် လက်ဝဲဘက်တွင် သပြေတန်းခံတပ်၊ ဒုဋ္ဌဝတီ (သို့မဟုတ်) မြစ်ငယ်မြစ်၊ မယ်နုအုတ်ကျောင်း၊ အင်းဝ မြို့ဟောင်းနှင့် ဆင်ကျုံးခံတပ်တို့ကို မြင်ရသည်။ လက်ယာဘက်တွင် စစ်ကိုင်းမြို့တောင်ဘက်ရှိ အစီရင်ခံ တပ်ကို တွေ့ရသည်။ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့တို့ထိပါးကျူးကျော်ခဲ့စဉ်က ခုခံတွန်းလှန်ခဲ့သည့် သမိုင်းဝင် နေရာများဖြစ်သည်။

ခုတ်မောင်းချိန် နှစ်နာရီခန့်အကြာတွင် ဝဲဘက်၌ ကျောက်တန်းနှင့် ယာဘက်တွင် ရွာသစ်ကြီးသို့ရောက်သည့် ခရီးမိုင် ၂၅ မိုင် ပေါက်ခဲ့ပြီဖြစ်သည်။ အဆိုပါနေရာ၌ ဧရာဝတီမြစ်ကို ဖြတ်ကျော် သွယ်တန်းထားသည့် ကောင်းကင်လျှပ်စစ်ကြိုးကို မြင်ရသည်။ အဆိုပါဒေသ နှစ်ခုအတွက် ဇက်ကူး၊ ကူးတို့ရှိသည်။ မြစ်ရေတင် စိမံကိန်းများကို မြင်ရသည်။ ရွာသစ်ကြီး၌ ချည်မျှင်နှင့် အထည်စက်ရုံ၊ အနာဂတ် အားသစ်များ မွေးထုတ်ရာ တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်တို့ တည်ရှိနေသည်။ ကျောက်တစ်လုံးနှင့် ရွာသစ်ကြီးအကြား ဧရာဝတီမြစ်အတွင်း၌ ရွှေပြည့်ရှင်ကျွန်းကိုလည်း တွေ့မြင်ရသည်။

ထိုမှဆက်၍ နာရီဝက်ခန့်စုန်လျှင် လက်ဝဲဘက်၌ သုံးလင့်၊ ကိုင်းပြင်၊ မြစ်သာ စသည့်ရွာများနှင့် တံဆူး၊ ကျောက်ဆောင်များကို တွေ့ရသည်။ လက်ဝဲဘက်တွင် ငါန်းဇွန်မြို့ကို တွေ့ရသည်။ လက်ယာဘက်ရှိ မူးမြစ်ဝ လွန်သည်နှင့် ဝဲဘက်ရှိ နတ်စင်ကျောက်၊ ညောင်ပင်ရှည် ကျောက်တန်းများကို ဖြတ်ကျော်ရသည်။ ၎င်းကျောက်တန်းများသည် ရေယာဉ်ကြီးငယ်မဟူ အန္တရာယ်ကြုံတွေ့စေနိုင်သည်။ လက်ယာဘက်ရှိ ညောင်ရမ်း၊ ပုလဲတန်း ကျော်လွန်သည်နှင့် ပထမဆုံးဆိပ်ကမ်းမြို့ဖြစ်သည့် မြင်းမူမြို့သို့ ဆိုက်ရောက်သည်။

မြင်းမူမြို့သည် စစ်ကိုင်းတိုင်း ၂၆ မြို့နယ်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး မန္တလေးမှ ၃၉ မိုင် ကွာဝေးကာ ခုတ်မောင်းချိန် ၃ နာရီမိနစ် ၃၀ခန့်ကြာသည်။ မြင်းမူမြို့၏ အဓိကထွက်ကုန်မှာ ငှက်ပျောသီးဖြစ်သည်။ အစုန်အဆန် တင်ပို့မည့် ငှက်ပျောသီးခြင်းများမှာ ဆိပ်ကမ်းသောင်ခြေ၌ အားရဖွယ်မြင်တွေ့ရသည်။ မြင်းမူမြို့၌ ငှက်ပျောသီး စက်ရုံများရှိသလားဟုပင် ကျီစယ် စကားဆိုရလောက်အောင် အထွက်ကောင်းသည်။ မန္တလေးမှ လက်မှတ်ဝယ်ယူပြီး အကြောင်းတစ်စုံတစ်ခုကြောင့် နောက်ကျသည့် ပြည်ပခရီးသွားပုဂံဘုရားဖူးများနှင့် မန္တလေးမှ မုံရွာသို့သွား ရောက်လေ့လာသော နိုင်ငံခြားသား ခရီးသည်များသည် မုံရွာမှ နံနက်စောစောထွက်ပြီး မြင်းမူမြို့မှ ကြိုတင်၍ စောင့်ဆိုင်းနိုင်သည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ ရွှေကိန္နရီသည် ပြည်ပခရီးသွားများအတွက် အဓိကရည်ရွယ် ပို့ဆောင်နေခြင်းလည်းဖြစ်သည်။ မြင်းမူမြို့၌ မန္တလေးမှ လိုက်ပါလာသည့် ရေကြောင်းပြနှင့် မြင်းမူ–ပခုက္ကူ ရေကြောင်းပြတို့တာဝန်လွှဲပြောင်းကြသည်။ မြို့နယ်မန်နေဂျာက စိစစ်ပြီးနောက် ဆက်လက်ခုတ်မောင်းခွင့်ပြုသည်။

မြင်းမူမှ ဆက်လက်စုန်သော် လက်ဝဲဘက်တွင် ရက္ခဒီပ၊ လက်ာဒီပ၊ ငန်းမြား၊ မြစ်သာ၊ ညောင်ပင်သာရွာများကို မြင်တွေ့ရသည်။ မြစ်လယ်တွင် လက်ာဒီပကျွန်း ရှိသည်။ မြစ်ရေတင်စီမံကိန်းများနှင့် ဒေသထွက်ကုန်များ ဖြစ်သော ဆေးရွက်ကြီး၊ ပဲ၊ နှမ်း၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီစိုက်ခင်းများကို တွေ့မြင်နိုင်သည်။ လက်ယာဘက်တွင် ဝက်တိုး၊ ဆပ်ပန်းကုံး၊ ကျွဲရိုက်၊ သာယာပေါင်း၊ လက်ခပင်၊ ရွှေပေါက်ပင်၊ မရိုးကုန်းရွာတို့ကို မြင်တွေ့ရသည်။ မြန်မာ့အလှ၊ မြန်မာ့ရှုခင်းသည် ပြည်တွင်း ပြည်ပ ခရီးသွားတို့၏ နှလုံးအိမ်ကို ညို့ငင်ဖမ်းစားထားသည်။ ထိုမှလွန်သော် လက်ဝဲဘက်ကမ်းရှိ ဆီမီးခုံရွာကို ဆိုက်ကပ်သည်။ မန္တလေးမှ ၅၈ မိုင်ဝေးပြီး ခုတ်မောင်းချိန် ငါးနာရီခန့် ကြာမြင့်သည်။

ထိုမှဆက်လက်ထွက်ခွာခဲ့ရာ လက်ယာဘက်တွင် နေပူကုန်း၊ နဂါးပေါက်၊ ချောင်းဇင်နှင့် လက်ဝဲဘက်တွင် စားကျူး၊ ကျီးရွာတို့ဖြတ်ကျော်သည်နှင့် မန္တလေးမှ ၆၄ မိုင်ကွာဝေးသည့် ဂင့်ဂဲဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ ၎င်းမှ ၁၀ မိနစ်ခန့်စုန်သော် ရန္တပိုရွာကိုမြင်ရသည်။ ရန္တပို သည် ၁၈၂၄ ခုနှစ် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲက စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုခဲ့ရာ ဒေသဖြစ်သည်။ အထိမ်းအမှတ် ကျောက်တိုင်ရှိသည်။ ရန္တပိုမြေအိုးသည် အထက်အောက် လှေကြီး၊ လှေငယ်တို့ဖြင့်တင်ပို့သည့် ကျော်ကြားသော ထွက်ကုန်တစ်ခုဖြစ်သည်။ ရန္တပိုနှင့် မျက်နှာချင်းဆိုင် လက်ယာဘက်ကမ်းတွင် ပုလဲရွာတည်ရှိသည်။ ပုလဲရွာသည် ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဇာတိဖြစ်ပြီး ဂုဏ်ပြုအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူထားသည်။ ရတနာပုံခေတ်က ဆေးကျမ်းအလီလီ၊ ဘာသာရေးကျမ်း အရပ်ရပ်နှင့် အုပ်ချုပ်ရေးကျမ်းအဖြာဖြာတို့ ပွင့်လန်းစေခဲ့သည့် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။ ရန္တပိုသည် မန္တလေးမှ ၆၉ မိုင် အကွာတွင် တည်ရှိသည်။

ရန္တပိုမှလွန်သော် ဝဲဘက်တွင် အင်ချောင်းနှင့် မြင်းခြံမြို့ကိုမြင်ရသည်။ မြင်းခြံသည် တစ်ချိန်က လွန်စွာစည်ကားလှသည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ ယခုသော် ဧရာဝတီမြစ် ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ကုန်းပေါ်ရောက်နေသည်။ မိုးရာသီ ရေများချိန်သာ ဝင်ထွက်နိုင်လေသည်။ လက်ယာဘက်ရှိ ပန်းညိုကျောက်တန်းလွန်သော် မြေတော်၊ မြေရင်း၊ ပေါက်တောကျေးရွာများကို မြင်ရသည်။ ထိုမှလွန်သော် မန္တလေးမှ ၈၇ မိုင်ဝေးသည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံသို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀တွင် ရောက်သည်။ ဤမြစ်ဆုံဒေသသည် ပြည်တွင်းပြည်ပ ခရီးသွားတို့ကို စိတ်အလှုပ်ရှားဆုံးဖြစ်စေသည်။ မိုးရာသီမှအပ ကျန်ရာသီတွင် ဧရာဝတီမြစ်ရေသည် စိမ်းတစ်လှည့်၊ ပြာတစ်လီဖြင့် ကြည်လဲ့လဲ့ရှိနေသည်။ ချင်းတွင်းမြစ်ရေမှာ နောက်ကျိကျိဖြင့် ပေါင်းဆုံစီးဝင်သည်။ သဘာဝရှုခင်းများနှင့် မျက်စိတစ်ဆုံး ဖွေးဖွေးလက်လက်ဖြင့် ဝင်းနေသည့် သောင်ပြင်ကြီး၏ အလှုပ်ကား ရှည်လျားပါဘိ။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း သုံးတိုင်းသုံးပွင့်ဆုံရာ တြိဂံဒေသဖြစ်၏။ ဆုံရပ်ကား လက်ဝဲကမ်းရှိ မြင်းခြံ၊ လက်ယာဘက်ကမ်းရှိ ခြေတော်ရာတို့ ဖြစ်သည်။

ချင်းတွင်းမြစ်ဝမှလမ်းတစ်လျှောက်စုန်ရာလက်ယာဘက် ဆင်းမရဲကျွန်းပေါ်ရှိ အောင်ပန်းချောင်း၊ လေးရာပြည့်ရွာ၊ ငါးလံရွာ၊ ကျွန်းလှရင်ရွာ၊ ထွန်းရွာ၊ ဆင်မင်းရွာ၊ ညောင်ပင်စု၊ ရွှေတန့်တစ်၊ ကျွဲတဲရွာများကို ဖြတ်ကျော်ပြီးနောက် ရေလယ်ကုက္ကိုလှကျွန်းကိုပတ်ပြီး ပခုက္ကူမြို့သို့ ဝင်ရသည်။ လက်ဝဲဘက်တွင် မာလာ၊ ညောင်လှ၊ လက်ထုတ်၊ အုန်းနဲ့ချောင်း၊ လက်ပံချေပေါ်ရွာများကို ဖြတ်သန်းခဲ့ရသည်။ ပခုက္ကူ–လက်ပံချေပေါ် သမဝါယမ ကူးတို့လုပ်ငန်းရှိသည်။ ပခုက္ကူထွက်ကုန်များကို ဧရာဝတီ အရှေ့ဘက်ကမ်းရှိ လက်ပံချေပေါ်သို့ပို့ပြီး ၎င်းမှအထက်၊ အောက်ဒေသများသို့ ကားလမ်း၊ ရထားလမ်းတို့ဖြင့် ပို့ဆောင် ပေးသည်။

ချင်းတွင်းမြစ်ဝမှ ပခုက္ကူသို့စုန်ရာခရီးတွင် ရေလယ်စိုက်ပျိုးကျွန်းများဖြစ်ကြသည့် နတ်ညွှန်းကျွန်း၊ ဒါးကျွန်း၊ လင်ကြီးကျွန်း၊ ခြောက်ဦးသာကျွန်း၊ လေလံကျွန်း၊ ဗုဒ္ဓကုန်းကျွန်းနှင့် ကုက္ကိုလှကျွန်းတို့ကို လေ့လာကြည့်ရှုနိုင်သည်။ ပခုက္ကူမြို့မြောက်ဘက်မှ ရွှေချောင်းအမည်ရှိ ချောင်းသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ ပခုက္ကူတွင် ရဟန်းတော်များ စာပေပရိယတ္တိ ပို့ချသင်အံရာ အရှေ့တိုက်၊ အလယ်တိုက်၊ အနောက်တိုက်ဟူ၍ စာသင်တိုက်ကြီးများရှိသည်။ သားရေဖိနပ်နှင့် ချည်ထည်တို့မှာ လွန်စွာထင်ရှားသည်။ ပခုက္ကူမြို့သည် မန္တလေးမှ ၁၀၃ မိုင်အကွာတွင်ရှိပြီး ရေယာဉ်ခုတ်မောင်း ချိန် ကိုးနာရီခန့်ကြာသည်။ မွန်းလွဲ ၃နာရီတွင် ဆိုက်ကပ်သည်။ နွေရာသီ ရေစစ်ချိန်တွင် သင်္ဘော၊ ရေယာဉ်များမှာ ပခုက္ကူမြို့ ဆိပ်ကမ်းသို့မကပ်နိုင်ဘဲ မြစ်နှင့် ခုနစ်မိုင်ခန့် ဝေးသည့် ရေလယ်မြင်းကျွန်းနှင့် ကုက္ကိုလှအနီးတွင်သာ ဆိုက်ကပ်နိုင်သည်။ ပခုက္ကူ ဆိပ်ကမ်းတွင် ရေကြောင်းပြ လဲသည်။ ပခုက္ကူသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့တော်ဖြစ်ရမည်ဟူ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ပခုက္ကူမှ ဆက်လက်စုန်ဆင်းရာ လက်ယာဘက်တွင် မြင်းကျွန်း၊ ကျွန်းညိုကြီး၊ ဇီးတော၊ ကူးကျွန်းတို့မှာ ရေလမ်းနှင့်ဝေး၍ ပျပျမှုန်မှုန်သာမြင်ရသည်။ လက်ဝဲဘက်တွင် သစ်ထောက်၊ အထက်ညဉ့်၊ သဖန်းကုန်း၊ အောက်ညဉ့်၊ သူကောင်းတည်၊ ပုလင်း၊ ကျောက်ဖူးဘုရားဝနှင့် လေးမိုင်ခန့်ရှည်လျားသည့် နတ်သမီးကမ်းပါးတို့လွန်သော် ညောင်ဦးမြို့ကိုမြင်ရသည်။ ပုလင်းရွာတွင် ရွှေတန့်တစ်ရွာကဲ့သို့ သစ်ဖောင်ဖွဲ့ရေလုပ်ငန်းများကို မြင်တွေ့ရသည်။ ရွှေတန့်တစ်တွင် ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းကြီး ရှိသည်။ ကျောက်ဖူးဘုရားဝတွင် ပုဂံရောက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား လှေကြီးလှေငယ်တို့ဖြင့် နတ်သမီးကမ်းပါးကို အခြေပြု၍ ပို့ဆောင်ပေးနေသည့် ကူးတို့လုပ်ငန်းတစ်ခုကိုလည်းမြင်တွေ့ရသည်။

ကျောက်ဖူးဘုရားသည် သာမန်အားဖြင့်ကြည့်လျှင် မြေသားနှင့်အညီမြင်တွေ့ရပြီး မြင့်ရာမှနိမ့်ရာသို့ ဆင်းသွားသော်လည်း သိသာမှုမရှိလှချေ။ လိုဏ်ဂူအတွင်း၌ ဥဏ်တော်ပေ ၂၀ ခန့်မြင့်သည့် ရှေးဟောင်းသမိုင်းဝင် ကျောက်ဘုရားတစ်ဆူနှင့် ကျောက်ဘုရားဆင်းတုတော်တို့ ရှိသည်။

အနော်ရထာ၊ ကျန်စစ်သား အစရှိသည့် မင်းကောင်းမင်းမြတ်တို့၏ ဘုန်းတန်ခိုး ကြီးကျယ် မြင့်မြတ်ခြင်း၊ ရှေးမြန်မာတို့၏ ဗိသုကာပညာ၊ အနုပညာလက်ရာများ ပေါများကြွယ်ဝခြင်း၊ ကြည်နူး ဆွတ်ပျံ့ဖွယ်ရာ သဘာဝရှုခင်းများ၊ ပုဂံ နေထွက်ချိန်နှင့် နေဝင်ချိန်တို့မှာ ရေးဖွဲ့ခံစား မှတ်တမ်းတင်၍ မဆုံးနိုင် သော ရသစုံတို့ကို ဖြစ်ပေါ်စေသည်။

ဘောဘက်တွင် လိုဏ်ခေါင်းကြီးတစ်ခု ထူးခြားစွာရှိနေသည်။ ၎င်းလိုဏ်ဂူလမ်းသည် ရွှေစည်းခုံသို့လည်းကောင်း၊ အာနန္ဒာဘုရားသို့လည်းကောင်း၊ ရှမ်းပြည်နယ် ပင်းတယနှင့် အင်းဝနေပြည်တော်သို့လည်းကောင်း သွားလာနိုင်ကြောင်း ဒဏ္ဍာရီဆန်ဆန် အဆိုရှိပါသည်။ နတ်သမီးကမ်းပါးသည် ညောင်ဦးမြို့၌ဆုံးသည်။ ညောင်ဦးတစ်ဖက်ကမ်း၌ ယုန်လွှတ်ကျွန်းရှိသည်။ အနော်ရထာမင်း လက်ထက်က ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဟူ၍ သူရဲကောင်းလေးဦးရှိခဲ့ရာ ညောင်ဦးဖီးသည် ညောင်ဦးမြို့နှင့်ကပ်လျက်ရှိသည့် နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ ယုန်လွှတ်ကျွန်းအထိ အသွားအပြန် မနားတမ်း ကူးခတ်နိုင်ခြင်းအကြောင်းသည် ယနေ့တိုင် ထင်ရှားနေဆဲဖြစ်သည်။ ညောင်ဦးမြို့သည် မန္တလေးမြို့မှ ၁၁၉ မိုင်ဝေးပြီး ခုတ်မောင်းချိန် ၁၀ နာရီကြာသည်။

ညောင်ဦးမြို့ကို ဖြတ်ကျော်သည်နှင့် ရွှေတောင်ကြီးကဲ့သို့ မြင့်မားခံ့ထည်လှသော ရွှေစည်းခုံစေတီတော်ကြီးကို ဦးစွာဖူးမြော်ရသည်။ ပုဂံသည် ၁၀ ရာစုနှစ်မှ ၁၃ရာစုနှစ် အထိ နှစ်ပေါင်း ၃၀၀ ခန့်ကာလအတွင်း မင်းဆက် ၅၅ ဆက်စိုးစံပြီး၊ နှစ်ပေါင်း ၁၂၆၁ နှစ် ရှည်ကြာခဲ့သည်။ မြန်မာနိုင်ငံ၏ ရာဇဌာနေ မင်းနေပြည်အဖြစ် အာရုတစ်ခွင် ကျော်စောခဲ့သည်။ မြို့ဟောင်းအဖြစ်လည်း အထင်အရှား ရှိနေဆဲဖြစ်သည်။ ပုဂံမြို့ဟောင်း တူးဖော်သည့်လုပ်ငန်းအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်ယာဘက်ကမ်းတွင် မြစ်ချေမြို့၊ ကျွန်းချောင်း ခတ်မြေသြဇာစက်ရုံနှင့် ထူးခြားဆန်းကြယ်သည့် ပေ ၁၀၅၀ မြင့်သော တန့်ကြည်တောင်ပေါ်ရှိ ဉာဏ်တော်ပေ ၉၀ မြင့်သော စွယ်တော်ရှင်ဘုရားကို ဖူးမြော်ကြည်ညိုနိုင်သည်။ ပုဂံမြို့သည် ညောင်ဦးမြို့မှ ရေမိုင် ၁၀ မိုင်ခန့် ဝေးသည်။ ပုဂံသည် မြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ် အထွတ်အမြတ်နေရာဖြစ်သည်။ ပုဂံသည် ကြည်ညိုဖွယ်ရာ သမိုင်းဝင်စေတီပုထိုး ကျောင်း၊ ကန်၊ ဇရပ်တို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ အနော်ရထာ၊ ကျန်စစ်သား အစရှိသည့် မင်းကောင်းမင်းမြတ်တို့၏ ဘုန်းတန်ခိုး ကြီးကျယ်မြင့်မြတ်ခြင်း၊ ရှေးမြန်မာတို့၏ ဗိသုကာပညာ၊ အနုပညာလက်ရာများ ပေါများကြွယ်ဝခြင်း၊ ကြည်နူး ဆွတ်ပျံ့ဖွယ်ရာ သဘာဝရှုခင်းများ၊ ပုဂံ နေထွက်ချိန်နှင့် နေဝင်ချိန်တို့မှာ ရေးဖွဲ့ခံစားမှတ်တမ်းတင်၍ မဆုံးနိုင်သော ရသစုံတို့ကို ဖြစ်ပေါ်စေသည်။ ပုဂံသည် မန္တလေးမြို့မှ ၁၂၉ မိုင်ကွာဝေးပြီး ရေယာဉ်ခုတ်မောင်းချိန် ၁၀ နာရီခွဲခန့် ကြာမြင့်ကာ ညနေ ၄နာရီခွဲတွင် ပုဂံဆိပ်ကမ်းသို့ဆိုက်ကပ် သည်။ ပုဂံမြို့ရှိ ဟိုတယ်၊ တည်းခိုရိပ်သာများမှ ဧည့်ကြိုများသည် သက်ဆိုင်ရာလူပုဂ္ဂိုလ် အဖွဲ့အစည်းအမည်များကို ရေးသားထားသည့် ဆိုင်းဘုတ်ငယ်ကလေးများ ကိုင်ဆောင်၍ မိမိတို့နှင့်ဆိုင်ရာ ဧည့်သည်များကို လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုကြသည့်မြင်ကွင်းမှာ ပုဂံ၏လှုပသည့် ဆေးရောင်စုံများအနက် တစ်ခုဟု တင်စားနိုင်ပါသည်။ နိုင်ငံမှ အရွယ်စုံသော ဧည့်စုံတို့သည် ညို့ယူဖမ်းစားနိုင်သည့် ပုဂံညို့ချက်အောက်တွင် အံ့သြဘနန်းချီးမွမ်းမဆုံး ဂုဏ်ယူ မြည်ကြွေးသံများဖြင့် နှစ်ပေါင်းများစွာ ကွဲကွာနေသည့် မိရပ်ဖမြေ ယဉ်ကျေးမှုအမွေရှိရာဒေသသို့ ပြန်ရောက်လာသည့် သားသမီးများ အသွင်မြင်ရသည်။

ရွှေကိန္နရီသည် မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့် ရသစုံတည်ရှိရာ ဧရာဝတီမြစ်တစ်လျှောက် စုန်ဆင်းခဲ့ပြီး ပုဂံမြို့၌ ခရီးဆုံးသည်။ ပုဂံမှညောင်ဦးသို့ တစ်ဖန်ဆန်၍ ညအိပ်ရပ်နားသည်။ ရေယာဉ်ကြွခိုင်မှုနှင့် သန့်ရှင်းမှုတို့ ပြုလုပ်သည်။ နောက်တစ်နေ့ နံနက် ၅နာရီခွဲတွင် ပုဂံမှ အဆန်ခရီးကို တစ်ဖန်ပြန်လည် နှင်ရဦးမည်ဖြစ်သည်။ ယဉ်ကျေးမှု အမွေပုဂံမြေမှ ရတနာပူရနန်းမြေ နေပြည်တော်သို့ လိုက်ပါကြမည့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို အစုန်ခရီးစဉ်အတိုင်း အဆန်ခရီး ခုတ်မောင်းပြီး မန္တလေးသို့ ညနေ ၆ နာရီခွဲအရောက် ပို့ဆောင်ပေးမည်ဖြစ်သည်။

ပြည်ပခရီးသည်အများစုမှာ ဟိုတယ်မှ ကြိုတင်စီစဉ်ပေးသည့် နံနက်စာ (Breakfast) ထက် ရွှေကိန္နရီမှ သန့်ရှင်းပူနွေးပြီး ဈေးသက်သာသည့် နံနက်စာကို ပို၍ ခုံမင်ကြသည်။ ရေယာဉ် စတင်ထွက်ခွာပြီး မကြာမီတွင် ဧည့်သည်များမှာ အပေါ်ထပ်ရှိ စားသောက်ခန်းမနှင့် မြင်ကွင်း၊ ရှုခင်းတို့ကို အေးချမ်းစွာ ကြည့်ရှုနိုင်သည့်နေရာများသို့ တက်ရောက်နေရာယူကြပြီး အေးချမ်းသော၊ တည်ငြိမ်သော၊ ခင်မင်နှစ်လိုဖွယ်ကောင်းသော မြန်မာ့ရှုခင်းနှင့် မြန်မာ့စိတ်ရင်းတို့ကို မမောမပမ်းတမ်း ခံစားမေးမြန်းရိုက်ကူးမှတ်တမ်းတင်ကြတော့သည်။ ဖြတ်ကျော်ခဲ့သည့် မြစ်ချောင်းမြို့ရွာများ၊ ဒေသထွက်ကုန်၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်များကို အထူးသိလိုကြသည်။ ရွှေကိန္နရီနှင့် လိုက်ပါလာသော ပြည်ပခရီးသည်များသည် နိုင်ငံ၊ လူမျိုးအလိုက် ဆိုင်ရာဘာသာစကားတို့ဖြင့် အသံချဲ့စက်မှတစ်ဆင့် ရှင်းလင်းပြောကြားပေးစေလိုသည့် ဆန္ဒရှိကြသည်။ ရေယာဉ်မှစီစဉ်ပေးသည့် လေအေးစက်ထက် သဘာဝလေကိုပို၍နှစ်သက်ကြသည်။ စားသောက်ခန်းမ၌ ဖွင့်လှစ်ပြသသည့် ပြည်တွင်းပြည်ပရုပ်ရှင်၊ ဇာတ်လမ်း၊ တေးသီချင်းများထက် သဘာဝရှုခင်းများကို ပိုမိုမက်မောကြသည်။

ပြည်ပခရီးသည်အများစုမှာ သြဂုတ်လမှစ၍ အရောက်များတတ်သည်။ စက်တင်ဘာလတွင် စပိန်လူမျိုးတို့ အရောက်များသည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဟူသည့် ဘာလေးဘာတွင် အနောက်နိုင်ငံနှင့် အာရှမှ ဂျပန်လူမျိုးတို့ အစုလိုက်၊ အဖွဲ့လိုက် ရောက်လာတတ်သည်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဧရာဝတီဌာနခွဲမှ တာဝန်ရှိသူများနှင့် ရွှေကိန္နရီ(၁)၊ (၂)၊ (၃)မှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✡

မြန်မာနိုင်ငံ၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရေးအတွက် ပြည်ထဲရေး ဝန်ကြီးဌာနနှင့် UNIAP တို့ ပူးပေါင်းဖွင့်လှစ်သော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်ပြဋ္ဌာန်းရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNIAP တို့ ပူးပေါင်းဖွင့်လှစ်သော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ UNIAP ဗန်ကောက် အခြေစိုက် မဲခေါင်မြစ်ဝှမ်းဒေသလုံးဆိုင်ရာ ဒုတိယစီမံကိန်းမန်နေဂျာ ဒေါက်တာစုစုသာထွန်း၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကုလသမဂ္ဂညှိနှိုင်းရေးတာဝန်ခံ Mr. Charles Petrie နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်လည်းကောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရန်အတွက် လည်းကောင်း ပြည့်စုံလုံလောက်သော ဥပဒေသစ် (မူကြမ်း)တစ်ရပ် ဖြစ်ပေါ်ရေးအတွက် ကုလသမဂ္ဂမှ ပညာရှင်များ၊ ဒေသအတွင်းရှိ ကျွမ်းကျင်သူများ၊ ပြည်တွင်း ဌာနဆိုင်ရာ ပညာရှင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ခြေဆေးကန်စေတီ ထီးတော်တင်လှူရန်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၆

ပဲခူးတိုင်းကျောက်ကြီးမြို့ ရှင်သီဝလိ ရဟန္တာမြတ်၏ ဝဲဘက်ခြေတော်ရာ ချတော်မူသည့် ကေလာသဘတောင်ပေါ်ရှိ ဗုဒ္ဓမြတ်စွာဘုရား၏ ဗျာဒိတ်တော် အရနုရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ဗုဒ္ဓမြတ်စွာဘုရားရှင် ခြေဆေးကန်စေတီအား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့အမီ ထီးတော်တင်လှူပူဇော်နိုင်ရန် ရှင်သီဝလိခြေတော်ရာ ဂေါပကအဖွဲ့က ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များသည် ကျောက်ကြီး ဖုန်း–၀၅၄–၂၁၅၈၂ နှင့် ၀၅၄–၂၁၇၂၃တို့ထံ ဆက်သွယ်၍ အလှူငွေများပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ အနှစ်(၄၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ကန်တော့ပွဲ

ရန်ကုန် စက်တင်ဘာ ၆

ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် ၁၉၆၄ခုနှစ်မှ စတင်ဝင်ရောက် ပညာသင်ယူခဲ့ကြသော ဆေးတက္ကသိုလ်(၁)၊သွားဘက်ဆိုင်ရာတက္ကသိုလ်၊ တိ–မွေး–ကု တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉၆၄–၂၀၀၄) နှစ်(၄၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၈ ရက် (စနေနေ့)တွင် ကျင်းပရန် နာယက ဒေါက်တာဒေါ်တင်လင်းမြင့်၊ ညွှန်ကြားရေးမှူး ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မွန် (ပါမောက္ခချုပ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်)၊ အတွင်းရေးမှူး ဒေါက်တာမြင့်အောင်ခင်တို့ပါဝင်သော ကျင်းပရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာမြင့်အောင်ခင် ဖုန်း၀၁–၆၂၉၃၆၇၊ ဒေါက်တာ ဥမ္မာသွင် ဖုန်း၀၁–၃၇၅၈၆၄၊ ဒေါက်တာအေးမြင့် ဖုန်း၀၁–၇၀၄၅၆၁၊ ဒေါက်တာမြပွင့်အေး ဖုန်း၀၁–၅၇၂၅၇၃၊ ဒုတိယဗိုလ်မှူးကြီး စောမောင် ဖုန်း၀၁–၅၅၄၄၇၆ ပါမောက္ခဒေါက်တာစိန်မြင့် ဖုန်း၀၉–၆၉၇၁၀၄၂ တို့သို့ ဆက်သွယ်၍ ကိုယ်ရေးမှတ်တမ်းများ၊ အလှူငွေများ ပေးပို့လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၃ –၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်နှင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း အခွန်ဦးစီးဌာနမှူးများ၊ ပြည်နယ်/ တိုင်း မန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့်“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်ပွဲ

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့” အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၁ ရက်မှ ၂၁ ရက်အထိ ဘိုးဘွားရိပ်သာများသို့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းခြင်း၊စက်တင်ဘာ၂၂ ရက်တွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ စာတမ်းဖတ်ပွဲကျင်းပခြင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ MICT Park ၌ အလှူရှင်များက အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ပစ္စည်းနှင့် ငွေများလှူဒါန်းလိုသော အလှူရှင်များသည် ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း ဖုန်း–၆၆၂၅၉၁၊ အတွင်းရေးမှူး ဦးလှမြင့် ဒုတိယ ညွှန်ကြားရေးမှူး(စီမံ/ ဘဏ္ဍာ) ဖုန်း–၆၆၂၅၈၉၊ ဦးအေးဝင်း ဒုတိယညွှန်ကြားရေးမှူး ဖုန်း–၆၆၂၅၈၆ နှင့် ဦးမြသွင်(ဦးစီးအရာရှိ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)



ကွယ်လွန်သူဖခင်ကြီး ဦးခင်မောင်အားရည်စူး၍ တိုက်(၃၄၃)၊ အခန်း(၂၄)၊ အနောက်ရန်ကင်းနေ သမီး ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ဝင်းမာ၊ ဒေါ်မြင့်မြင့်ထွေး မိသားစုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ၁၈၉၀၂၆ကျပ်ကို ဩဂုတ်၂၈ ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။(က–ပ)

✡ **စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

အဆင့်ဆင့်သော ရေယာဉ်ဝန်ထမ်းများသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ ကျေနပ်နှစ်သိမ့်မှုရရှိစေရန် လိုအပ်သည့်ဝန်ဆောင်မှုအဆင့်ဆင့်တို့အား တာဝန်ကျေပွန်စွာ ပေးဆောင်လျက်ရှိကြသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံခြားငွေအမိက ရှာဖွေပေးသည့်ဌာန မဟုတ်

အဆိုပါရွှေကိန္နရီရေယာဉ်များ၏ ပြည်ပ နိုင်ငံခြားသားခရီးသည် စီးနင်းလိုက်ပါမှုနှင့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်မှုအား နှစ်အလိုက် တင်ပြလိုပါသည်–

နိဂုံးချုပ်တင်ပြရလျှင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သဘာဝအရင်းအမြစ်ဖြစ်သည့် မိခင်ဧရာဝတီမြစ်မကြီးပေါ်တွင် ခေတ်မီနှစ်ထပ်ရေယာဉ်

နှစ်အလိုက်ပြည်ပနိုင်ငံခြားသားခရီးသည်စီးနင်းလိုက်ပါမှုနှင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်မှုဇယား

ခုနှစ်	ပြည်ပနိုင်ငံခြားသားခရီးသည်	နိုင်ငံခြားဝင်ငွေ (ဒေါ်လာ)
၁၉၉၅–၁၉၉၆	၆၆၉	၁၀၆၈၉
၁၉၉၆–၁၉၉၇	၄၈၇၂	၇၆၄၉၇
၁၉၉၇–၁၉၉၈	၆၉၈၂	၁၁၁၄၇၄
၁၉၉၈–၁၉၉၉	၈၉၃၆	၁၄၂၇၂၈
၁၉၉၉–၂၀၀၀	၈၉၁၅	၁၄၂၁၈၁
၂၀၀၀–၂၀၀၁	၁၀၈၆၀	၁၇၂၉၆၈
၂၀၀၁–၂၀၀၂	၁၁၆၅၀	၁၈၅၇၀၉
၂၀၀၂–၂၀၀၃	၁၄၇၀၇	၂၃၄၆၄၉
၂၀၀၃–၂၀၀၄	၁၄၈၀၅	၂၃၆၈၈၀

သော်လည်း ရွှေကိန္နရီ ရေယာဉ်များဖြင့် မန္တလေး–ပုဂံ (အထူးအမြန်) ခရီးစဉ်များကို ၁၉၉၆ ခုနှစ်မှ စတင်၍ ယနေ့ထိ ပြေးဆွဲခုတ်မောင်း ပေးလျက်ရှိသည်။ အနာဂတ်ခရီးစဉ်များစွာကိုလည်း ဝန်ဆောင်မှုပြည့်ဝစွာဖြင့် သယ်ယူပို့ဆောင်ပေးနေဦးမည်ဖြစ်သည်။

ရွှေကိန္နရီ(၁)သည် ၂၉–၁–၉၆ ရက်နေ့တွင် စတင်ပြေးဆွဲပြီး ရွှေကိန္နရီ(၂)နှင့် ရွှေကိန္နရီ(၃) သည် ၂၃–၉–၉၆ ရက်နေ့တွင် စတင်ပြေးဆွဲ ခုတ်မောင်းပေးခဲ့သည်။

ရွှေကိန္နရီတို့ဖြင့် “ရတနာပူရ ရွှေမြို့တော်မန္တလေးမှ ရှေးဟောင်း အနုပညာအမွေ အထုအထည်ကြီးမားလှသည့် အရိမဒ္ဒနပူရ ပုဂံမြေသို့” စုန်ဆန်ခုတ်မောင်းပေးနေရာ မြန်မာ့ရှုခင်း၊ မြန်မာ့စိတ်ရင်းတို့အား ပြည်ပခရီးသွားများကို အထင်းသားမြင်စေသည့် ဝန်ဆောင်မှုတို့ကို အပြည့်အဝပေးနေပြီး နိုင်ငံခြားဝင်ငွေကိုလည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ရှာဖွေထမ်းဆောင်ပေးလျက်ရှိပါကြောင်းရေးသား တင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးနှင့် လမ်းများအဆင့်မြှင့်တင် ပြုပြင်နေမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် မြို့တော်အတွင်းရှိ လမ်းများအဆင့်မြှင့်တင် ပြုပြင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းတစ်လျှောက် အမှတ်(၁) စက်မှုဝန်ကြီးဌာနရုံးရှေ့အပိုင်း၌ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားများ အသစ်လဲလှယ် ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက် ခင်းကျင်းနေမှု၊ အုတ်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်နှင့် နုန်းများ ဆယ်ယူပြီး မြောင်းဖုံးများ တပ်ဆင်နေမှု၊ လမ်းများပေါ်၌ ရေမတင်စေရေး၊ လမ်းနှင့် ရေနုတ်မြောင်းကြား လူသွားစင်္ကြံအောက်၌ ဖြတ်မြောင်းများ ပြုပြင်ဆောင်ရွက် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်အစပ် မင်းဓမ္မလမ်းဘေး ဝဲ၊ယာ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သမိုင်းချောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံ၌ ရန်ကုန်-ပဲခူး ခေါက်လမ်းသွား လမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှု၊ အမှိုက်များ ရှင်းလင်းနေမှု၊ မြက်ခင်းများ၊ ပန်းမန်များနှင့် အလှပင်များ စိုက်ပျိုး ထိန်းသိမ်းထားရှိမှု၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ခြင်ဆေးများ ပက်ဖျန်းနေမှု အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)လမ်းမကြီး ရန်ကုန်-ပဲခူး ခေါက်လမ်းသွားနှင့် နွယ်ခွေလမ်းအကြား အရှည် လေးမိုင်လေးဖာလုံ၌ ကတ္တရာဖြင့် ချိုင့်များဖြည့်ခြင်း၊ လမ်းပေါက်များ ဖာထေးခြင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်ခိုင်ခံ့စေရန် စက်ယန္တရားများဖြင့် ကြိတ်ခြင်း၊ လမ်းဘေး ဝဲ၊ယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ကြီးထွားစေရေး ထိန်းသိမ်းပြုစုနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

အလေးထားဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသာယာလှပသည့်ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ မြို့တော်ကြီးအား နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အမြင့်တင်တယ်စေရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအပြင် တပ်နယ်များရှိ အိမ်ရာစခန်းများ၌ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မြို့တော်အတွင်းရှိ လမ်းများ၌ လူသွားစင်္ကြံများ၊ ကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းခြင်း၊ လမ်းပေါက်များဖာခြင်းလုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၄ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်တိုင်း အခြေခံပညာအထက်တန်းအဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအပြီးတွင် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

ရွှေခြံဓမ္မရိပ်သာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၆

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံဓမ္မရိပ်သာ ကျောင်းတိုက်၌ စက်တင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ၁၀ ရက်တရားစခန်းကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မရိပ်သာ ဆရာတော် ဦးဇာဂရိယက ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပညာရည်ထူးချွန်ဆု၊ ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် အားကစားထူးချွန် ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်၌ ဂုဏ်ထူးရ ကျောင်းသားများအား ဆုချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးတံဆိပ် ရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် အားကစားထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၏ ဇနီး ဒေါ်စန်းစန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဇနီး၊ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်ထူးရ ကျောင်းသားများ၊ ဘွဲ့ထူး ဂုဏ်ထူးရရှိသူများ၊ ပြည်တွင်း၊ ပြည်ပ အားကစားပွဲများတွင် ထူးချွန်ဆုရ အားကစားသမားများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီး၏ ဇနီး ဒေါ်စန်းစန်းမြင့်က ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးအား ဆုများချီးမြှင့်သည်။

— ဆုချီးမြှင့် —

ထို့နောက် နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများအား ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကနူးလှေလှော် ပြိုင်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၁၀ ခု ရရှိခဲ့သည့် အားကစားသမားများ၏ ကိုယ်စား မောင်ဘုန်းမြင့်တေဇာအား ဝန်ကြီး၏ ဇနီး ဒေါ်စန်းစန်းမြင့်က ဆုချီးမြှင့်သည်။

ထို့နောက် ပညာရည်ချွန်ဆု ရရှိသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်အောင်ခိုင်လင်းနှင့် အားကစား ထူးချွန်ဆုရရှိသူများ ကိုယ်စား မောင်ဘုန်းမြင့်တေဇာတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အသိပညာ ဟောပြော

ရန်ကုန် စက်တင်ဘာ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ တိုကျိုမြို့ Ritsumeikan Asia Pacificတက္ကသိုလ်မှ ပါမောက္ခ Mr. Ogata Masakatsu၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါ်ခင်ဆွေမြင့်၊ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါ်လှမြင့်၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ၊ ခရီးသွားလာရေး လုပ်ငန်းတွင် စိတ်ပါဝင်စားကြသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဟောပြောပို့ချ

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်လတ်က ပါမောက္ခ Mr. Ogata Masakatsu အကြောင်းကို မိတ်ဆက်ပြောကြားသည်။ ထို့နောက် ပါမောက္ခ Mr. Ogata Masakatsu က အာရှနှင့် ပစိဖိတ်ဒေသအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို သဘာပတိနှင့် ပါမောက္ခ Mr. Ogata Masakatsu တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် Myanmar Tourex Travels မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးသူရထွန်းက ပြည်တွင်းခရီးစဉ် လှည့်လည်ရေးလုပ်ငန်း မြှင့်တင်ရေး (Domestic Tourism Development) ကိုလည်းကောင်း၊ Swift Wind Travelsမှ ဒါရိုက်တာ ဦးဖုန်းသန့်က မြန်မာနိုင်ငံ သဘာဝအခြေခံ ခရီးစဉ်ဒေသများ (Ecotourism Sites of Myanmar) ကို လည်းကောင်း၊ Taw Win Travels မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရီတာမြင့်က အရောင်းဖြန့်ချိရေးလုပ်ငန်းစနစ် (Sales Distribution System)ကိုလည်းကောင်း ဗီဒီယိုဆလိုက်များဖြင့် အသီးသီးဟောပြောပို့ချပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ဟောပြောပို့ချသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ဝါတွင်းကာလ ဆွမ်းလောင်းလှူမည်

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ ဝါတွင်းသုံးလပတ်လုံး တနင်္ဂနွေနေ့ နံနက်တိုင်း သံဃာတော်များအား သံဃဒါန အရဏ်ဆွမ်းလောင်းလှူမည်ဖြစ်သည်။ (က-ပ)

ကွယ်လွန်သူ ဦးမြင့်ကြည်အား ရည်စူး၍ အမှတ်(၃) ဘုရင့်နောင်လမ်း ဦးစံဖေရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဇနီး ဒေါ်နုနုအေး၊ သား ဗိုလ်ဇေယျာမင်း၊ သမီး မလင်းကေခိုင် မိသားစုက ဗီဇိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို ဩဂုတ် ၂၉ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

နိုင်ငံတကာ အသိအမှတ်ပြုအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် လက်မှတ်ရရှိခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

Nibban Electric & Electronics လုပ်ငန်းမှ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO-9001;2000) လက်မှတ်ရရှိခြင်း အခမ်းအနားကို ယမန်နေ့ ည ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သာကေတစက်မှုဇုန်တာဝန်ခံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် သာကေတ စက်မှုဇုန်တာဝန်ခံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် Nibban Electric & Electronics လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာ အောင်သိန်းက နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် လက်မှတ်ရယူခဲ့ခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိရန် ဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်တို့ကိုရှင်းလင်းပြောကြားပြီး မလေးရှားနိုင်ငံ Daya Manusia Sdn-Bhd မှ မန်နေဂျင်းဒါရိုက်တာ Mr. Ho Yoon Sin က ISO နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ Nibban Electric & Electronics လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်က ISO-9001;2000 Certificate ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသူများအား Nibban Electric & Electronics လုပ်ငန်းမှ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သစ်များဖြစ်သည့် UPS Model PH-750 VA နှင့် 2 in 1 Antenna Model Na-330 တို့ကို မိတ်ဆက်ရှင်းလင်းပြသသည်။

(သတင်းစဉ်)

ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် ကျပ် ၁၀ သိန်းလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်မြို့ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ မဟာဇေယျ အတုလမာရဇိန် ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်းများ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်လျက်ရှိရာ ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်း အမှတ်(၈၉)နေ ဦးလင်းဝင်း–ဒေါ်ရီရီစိန်၊ သမီး မကြေးမုံလင်းဝင်း၊ မဇင်မာလင်းဝင်း၊သားမောင်အောင်ကျော်ဝင်း၊ သမီး မယုဝါလင်းဝင်း မိသားစုက ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရွှေဆိုင်းကပ်လှူပူဇော်ရန်အတွက်အလှူငွေ ကျပ် ၁၀သိန်းကို စက်တင်ဘာ ၃ရက်တွင် ဂေါပကအဖွဲ့သို့ လာရောက်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များကို နေ့စဉ် နံနက် ၆နာရီမှ ညနေ ၆နာရီ အထိ ကပ်လှူပူဇော်လျက်ရှိရာ လှူဒါန်းလိုသူများသည် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး ဖုန်း ၀၁–၅၄၁၆၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကျိုက္ကစံလယ်တီတိုက် ဆွမ်းကပ်လှူပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော်အရှေ့ဘက်ရှိ သတ္တဌာန ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမင်္ဂလမဟာထေရ်လယ်တီဆရာတော်ကြီး ဟောကြားပြသ စီစဉ်တော်မူခဲ့သော ဗုဒ္ဓလေးဆူအောင်တော်မူ မြတ်စွာဘုရားများအား ခေတ်ကြီးလေးပါး ဆွမ်းဆက်ကပ်လှူပူဇော်ပွဲကို စက်တင်ဘာ ၁၉ရက်မှ ၂၇ရက်ထိ ကိုးရက်တိုင်တိုင် ကျင်းပ၍ နေ့စဉ်နံနက် ၆နာရီမှ စတင်ကာ ဆွမ်းတော်ကပ်လှူပွဲကြီးကို ပြုလုပ်ပြီး ညနေ၅နာရီတွင် ဗုဒ္ဓါနုဿတိအဓိဋ္ဌာန်ကမ္မဋ္ဌာန်းပွဲကြီးကို ဟောကြားပြသမည်ဖြစ်ရာ ဆွမ်းတော်ကပ်လှူလိုသူများနှင့် အဓိဋ္ဌာန် ပြုလုပ်လိုသူအလှူရှင်များ၊ သာသနာပွဲခေတ်ကြီးလေးပါး ဆွမ်းနှင့် ညနေအအေးဖျော်ရည်တို့ကို သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း–၅၆၀၇၁၀သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (၅၀၆)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိရိပ်သာ လမ်းသွယ်(၃) အမှတ်–၁၇(က)နေ ဖခင် သံအမတ်ကြီး ဦးဘသွင် မွေးနေ့အတွက် သားများဖြစ်ကြသော ကိုလှိုင်မြင့်၊ ကိုဉာဏ်လင်းတို့ လှူဒါန်းသော ဆွမ်းပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဗိုလ်မှူး အောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၂၉ ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဒဂုံအထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ယခင် မက်သဒစ် ယခု အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄–၁၉၇၈ ခုနှစ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၅ခုနှစ် ဇန်နဝါရီ ၈ရက် (စနေနေ့)တွင် ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဦးကျော်မောင် ဖုန်း–၀၉၅၀–၁၉၇၈၂၊ ၂၂၅၃၂၊ ၂၂၄၇၅၃၊ ဦးရဲမြင့် ဖုန်း–၀၉၅၀–၀၈၇၅၀–၆၆၂၅၁၄၊ ဦးစိုးညီညီ ဖုန်း–၀၉၉၉–၂၁၇၂၀၊ ၂၂၁၃၉၅၊ ဦးထူးအောင်ကြီး ဖုန်း–၀၉၅၀–၁၄၃၉၅၊ ၀၉၈၀–၃၁၁၀၃၊ ၆၆၆၇၀၂၊ ဒေါ်ထားချို ဖုန်း–၀၉၅၀–၀၁၆၄၆၊ ၅၃၄၇၈၀၊ ၆၆၇၈၈၈၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း–၀၉၉၉–၂၄၅၇၄၊ ၆၅၀၃၄၆၊ ဒေါ်တင်မေလွင် ဖုန်း–၀၉၅၀–၀၆၇၅၆၊ ၅၄၅၄၅၅၊ ဒေါ်ခင်သန်းမူ ဖုန်း–၂၈၆၁၇၂၊ ၅၄၅၇၄၅၊ ဒေါ်စန်းစန်း ဖုန်း–၇၂၄၀၂၆ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။(က–ပ)

* မြန်မာနိုင်ငံ၏ ၁၅ နှစ်တာကာလ တပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပကတိအတိုင်းတွေ့မြင်နိုင်သည့် ဖွံ့ဖြိုးဝေစည်မြန်မာပြည် (၁၉၈၈–၂၀၀၃) စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေသည့်–

Magnificent Myanmar

(1988-2003)

* မြို့ရွာနှင့်ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဓာတ်ပုံများ၊ ကိန်းဂဏန်းဇယားများနှင့် ပုံပြဂရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပုံနှိပ်ထုတ်ဝေထားပါသည်။

ထွက်ပြီ

ရောင်းဈေး– USD-3.00

ရရှိနိုင်သောနေရာများ–

* စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၄၉၀၃၁၊ ၃၈၁၄၄၈။
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၂၉၄၃၀၆။
* စာပေဗိမာန်စာအုပ်ဆိုင်၊ ရတနာပုံဈေးသစ်(ဒုတိယထပ်) မန္တလေးမြို့။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင် ဦးလှမြင့်ဦး လိုက်ပါ၍ ယမန်နေ့တွင် မန္တလေးတိုင်း ပြည်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်း မွမ်းမံပြင်ဆင်ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေ၊ သင်တန်းသား ၅၀၀ ဆံ့ ခန်းမ တည်ဆောက်ရန် မြေနေရာရွေးချယ်လျာထားသတ်မှတ်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာအသစ်များ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် တက္ကသိုလ်အတွင်း စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတို့က လိုအပ်သည်များကို မှာကြားကြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်အမျိုးသမီး အမှတ်(၁) တပ်ခွဲသို့သွားရောက်ပြီး အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၁)သို့ တက်ရောက်ရန် ရောက်ရှိနေကြသော ဆရာမများအား စားရိပ်သာတွင် ညနေစာစားသုံးနေစဉ် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှားသွား

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၄ခုနှစ် စက်တင်ဘာ ၅ရက် မြန်မာစံတော်ချိန် ည ၉နာရီ ၃၂မိနစ် ၅၁စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၇၅၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး(၇ ဒသမ ၁)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

အလှူငွေပေးအပ်

ကွယ်လွန်သူမိဘများဖြစ်သည့် ဦးစိုးနိုင်–ဒေါ်မြကြည်၊ (ညီ)ဦးအုန်းရွှေ၊ (သား)ဦးအံ့ကြီး၊ ဦးနေဝင်း(ခ)ဦးဖိုးထောင်တို့အား ရည်စူး၍ အမှတ်(၃၂၃) ကမ်းနားလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ကျန်ရစ်သူမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရက်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ စက်တင်ဘာ ၂ရက်ကလှူဒါန်းရာ ဦးကျော်သူ (ဒု–ဥက္ကဋ္ဌ)၊ ဦးညွန့်တင် (အတွင်းရေးမှူး) နှင့် ဦးဝင်းနိုင် (အလုပ်အမှုဆောင်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ရွှေပြည်သာမြို့နယ် အမက(၄)တွင် အလှူရှင် ဦးကျော်ဆွေ–ဒေါ်မာမာအေးတို့၏ သမီး မတွယ်တာဖူးဝေ(ပထမတန်း)၏ မွေးနေ့အထိမ်းအမှတ် အာဟာရ တိုက်ကျွေးပွဲကို စက်တင်ဘာ ၄ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မောင်နှင့် ဆရာမများက ကြီးကြပ်ကျွေးမွေးကြစဉ်။

(က–ပ)



Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English : SEP- 13,18,20,27
Pre-Intermediate English : SEP - 13,27,25
SAT (I) & Intermediate English : SEP - 1, 23
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment
No.190,2nd Flr.,28th St.(Upper),Pabedan Tsp. ☎ 243950

MISS

5th Floor

Ph : 200747, Ext - 5980, 293838

အမြန်ပြန်လာပါ

ဦးအင်မော် [၁၀/မဒန(နိုင်) ၀၃၈၇၅၆] အသားဖြူ၊ အရပ် ၅'.၈" အရွယ်သည် ၂၀-၈-၂၀၀၄ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ မိသားစုများ စိတ်ပူနေသည်။ အမြန်ပြန်လာပါ။

Ph: 724823
095001597

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION

- Modern Furniture
- Wall Covering
- (P.A.E. Supervision)

44A (1)
Ph : 01-201121, 294864, 09-50-11443

ရေစက်(စ်)လိုက်

CLEARANCE SALES

Up to 80% Off
(selected items only)

Swarovski Crystal Chandelier
Decorative Lighting
Outdoor Lighting
Functional Lighting
Industrial Lighting

SALE
krislite

(3rd ~ 12th September 2004)

ONLY 10 DAYS **HURRY DOWN!**
While Stocks Last!



SURE WIN

2004 ASEAN Open Optimist Championship *Chaungtha, Myanmar*

၂၀၀၄ ခုနှစ် ရွက်လှေအားကစားရန်ပုံငွေ စင်မြင့်တေးဂီတဖျော်ဖြေပွဲ
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်၊ ညနေ (၁၉:၀၀) နာရီ၊ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံ (၁)

The Biggest Musical Event in Myanmar
Live Show

EMPEROR MUSIC BAND

ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ ဂရေဟမ်၊ R ဇာနည်၊ ဖြိုးကြီး
တင်တင်ထွန်း၊ တင်ဇာမော်၊ NO၊ ACID၊ Examplez၊ အိတိုး

ပရိသတ် တစ်သောင်းကျော် သက်သောင့်သက်သာ ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။
လက်မှတ်အတု မပြုလုပ်နိုင်ရန် အထူးစီမံပြုလုပ်ထားသဖြင့် နေရာအတွက် စိတ်ချရသည်။

လက်မှတ်ဝယ်ယူနိုင်သည့် ဆိုင်များ

YKKO ကြေးအိုးဆိုင်များ၊ Mr. Guitar ၊ Blazon Shopping Center ၊ Giordano ဆိုင်များ
City Mart ဆိုင်များ ၊ Dagon Center ၊ AIIZ ၊ Ko Ko Beauty Saloon

အမြန်ဖုန်း (မ.တ.သ) ဟောင်များစီစဉ်ထားပါသည်။

အထူးအထွက်တိုး ဆင်းရွှေလီ စံပြစိုက်ကွင်း ရိတ်သိမ်းပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက် အမှာစကားပြောကြား

မူဆယ် သြဂုတ် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးရိတ်သိမ်းပွဲတော်ကို သြဂုတ် ၂၅ ရက်က ပိုင်ကျောင်းကျေးရွာ တစ်ဧက တင်း ၂၀၀ အထူးအထွက်တိုး ဆင်းရွှေလီနွေစပါး စံပြစိုက်ကွင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက နွေစပါးရိတ်သိမ်းထွက်ရှိမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးနိုင်ကြည်ဝင်းက တစ်ဧက အထွက်တင်း ၂၀၀ အထူးစံပြကွက်များ ဆောင်ရွက်ခဲ့မှု အားလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က မူဆယ်မြို့နယ် တစ်ဧကတင်း ၂၀၀ စံပြကွင်းတွင် အထွက်နှုန်းအများဆုံးရရှိအောင် ကြီးကြပ်ဆောင်ရွက်ခဲ့သည့် စိုက်ကွင်းတာဝန်ခံ စိုက်ကြပ်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် အထွက်နှုန်းအများဆုံး စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည့် တောင်သူဦးအိုက်စံအား အသီးသီး ဂုဏ်ပြုချီးမြှင့်သည်။

စိုက်ပျိုးခဲ့

မူဆယ်မြို့နယ်၌ ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ၂၄၇၆ ဧကအနက် တစ်ဧကတင်း ၂၀၀ စိုက်ကွင်းရှေ့ပြေး ၂၅ ဧကစိုက်ပျိုးခဲ့ပြီး တောင်သူဦးအိုက်စံ၏ နွေစပါးစိုက်ကွင်း ငါးဧကကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများ ဖြင့် ရိတ်သိမ်းခဲ့ကြရာ တစ်ဧက ပျမ်းမျှ ၂၁၇ ဒသမ ၉၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအနက် လမ်းလယ်ကျွန်းများ၊ လမ်းဘေးများ၊ ပန်းခြံများအတွက် အလှဆင်ရန် ပျိုးခင်းများကို သြဂုတ် ၂၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထူထောင်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကံမမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် အဖွဲ့ဝန်ထမ်းများ သြဂုတ် ၁၁ ရက်က ဘုရင့်နောင်လမ်း၌ ချုံနွယ်များ ရှင်းလင်း၍ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စည်ပင်ညွှန်ချုပ် ကျေးလက်အိမ်ရာများ ကြည့်ရှုစစ်ဆေး မြို့သာယာလှပရေးဆောင်ရွက်မှု လုပ်ငန်းများ မှာကြား

ညောင်ဦး သြဂုတ် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သြဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိပြီး ဗျတ္တပန်းဆက်လမ်းပေါ်ရှိ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် BAJ အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကျေးရွာစက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး အခြေခံသင်တန်းတွင် ကျေးရွာများမှ သင်တန်းသားများ လက်တွေ့ သင်ကြားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နတ်မောက်မြို့သို့ လည်းကောင်း၊ မြို့သစ်မြို့သို့လည်းကောင်း ရောက်ရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိက မြို့သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်မြို့ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြှင့်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညွှန်ကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(နယ်စပ်/စည်ပင်)**

မြို့နယ် သတင်းများ

လှည်းကူးမြို့ ရိပ်သာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် သြဂုတ် ၂၅ ရက်က ရုံးဟောင်းလမ်းထိပ်မှ ငမိုးရိပ်ချောင်းထိ ခြောက်လမ်းသွားလမ်းဘေး ရေမြောင်းဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်အတွင်းမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရောဝတီတိုင်း စည်ပင်ညွှန်မှူး ပျိုးဥယျာဉ်စစ်ဆေး

ဘိုကလေး သြဂုတ် ၂၅

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့သည် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ သြဂုတ် ၁၃ ရက်တွင် ရောက်ရှိပြီး အဖွဲ့၏ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ မြို့တွင်းသာယာလှပရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် မြို့သာယာလှပရေးအတွက် အဓိကကျသော ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ၊ ပျိုးပင်များ ပျိုးထောင်စိုက်ပျိုး စုဆောင်းထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ယင်းသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က အဖွဲ့မှဆောင်ရွက်နေသည်များကို ရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

မုဒုံ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

မုဒုံ သြဂုတ် ၂၈

မွန်ပြည်နယ် မုဒုံမြို့ကန်ကြီးရပ်တွင် ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံ ဆောင်ရွက်ပြီးစီးခဲ့သော မုဒုံမြို့ ကန်ကြီး အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို သြဂုတ် ၂၁ ရက်က ယင်းကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အလှူရှင် ဂျပန်နိုင်ငံနေ Mr. Kiruchi နှင့် ကျောင်းအုပ်ဆရာကြီး ဦးမင်းတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဒေါ်သန်းသန်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင် ဂျပန်နိုင်ငံနေ Mr. Kiruchi က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဒေါ်သန်းသန်းမြင့်ထံ ပေးအပ်ပြီး ညွှန်ကြားရေးမှူး(ဘဏ္ဍာ)က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အလှူရှင်နှင့် မိသားစုက ကျောင်းသား၊ ကျောင်းသူ ၂၁၀ ဦးအတွက် စာအုပ်နှင့် စာရေးကိရိယာများနှင့် တိုင်ကပ်နာရီတစ်လုံး ပေးအပ်လှူဒါန်းရာ ဆရာမ ဒေါ်စန်းစန်းနွယ်က လက်ခံရယူခဲ့သည်။

အလှူရှင်အား မွန်ပြည်နယ် ပညာရေးမှူး ဦးအောင်မြို့နှင့် ကန်ကြီးအမက ကျောင်းအုပ်ဆရာကြီး ဦးမင်းတင်ရွှေတို့က ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပေးအပ်

ကျောင်းဆောင်သစ် လှူဒါန်းသည့် အလှူရှင်နှင့် မိသားစုအား ကျေးဇူးတင်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောကြားပြီး ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရွှေဘို သြဂုတ် ၃၀

ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာအုပ်စုမှ လယ်သမား ဦးကျော်မြင့်၏ ကွင်းအမှတ်(၂၈၇၃) ဧရိယာ ၄ ဒသမ ၁၆ ဧကရှိ စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သြဂုတ် ၂၃ ရက်နံနက် ၈ နာရီတွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေ၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလှအောင်နှင့် လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

စိုက်ထည့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက စပါးခင်းများအတွင်း ငါးမျိုးများကို စတင်စိုက်ထည့်ပေးပြီး စုစုပေါင်း ငါးကောင်ရေ ၂၀၈၀ စိုက်ထည့်ခဲ့သည်။ အလားတူ လယ်သမား ၁၄ ဦးတို့၏ ဧရိယာ ၅၀ ဒသမ ၀၄ ဧကအတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ တီလားပီးယားကောင်ရေ စုစုပေါင်း ၂၅၀၂၀ စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကျေးရွာဆိုင်းဘုတ် စိုက်ထူမှု စစ်ဆေး

လားရှိုး သြဂုတ် ၂၉

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေ ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဌေးတို့သည် သြဂုတ် ၁၂ ရက်က ကျေးရွာဆိုင်းဘုတ်များ တစ်ပြေးညီစိုက်ထူပြီးစီးမှု အခြေအနေများကို တစ်ရွာချင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

ဆီဆိုင်မြို့ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြို့သို့ ရေပေးဝေလျက်ရှိသော ရေထွက်ဦးရေကန်ကို သြဂုတ် ၂၇ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်ပြည်သူများက စုပေါင်းသန့်ရှင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

မှော်ဘီမြို့နယ် မြို့မ(၁)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မြို့မ(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ စက်တင်ဘာ ၃ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ညွှန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ရွှေသမင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ကျောက်မဲ ဩဂုတ် ၁၀

ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျောက်မဲ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က ကျောက်မဲမြို့နယ် နောင်ကွမ်ကျေးရွာအုပ်စု နောင်ကွမ်ကျေးရွာတွင် ရွှေသမင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပသည်။

အဆိုပါ စာကြည့်တိုက်ကို နောင်ကွမ်ကျေးရွာအုပ်စု ဆရာတော် ဦးသောဒိန္န၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံထိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် "ရွှေသမင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များကို ဦးစီးမှူး ဦးကျော်ဝင်းကိုက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်ကျော်က လက်ခံရယူသည်။ **(ခရိုင်ပြန်/ဆက်)**

ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ရက် ညနေ ၅ နာရီက ရမည်းသင်းမြို့ အမှတ်(၂) အထက်တန်းကျောင်း စာသင်ဆောင်တွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော် အမှာစကားပြောကြားစဉ်။ (၁၁၅)

ရေးမြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် တနင်္သာရီလမ်းမကြီးဘေး တပွလင်နှစ်ဆူဘုရားထောင့်ရှိ တြိဂံကျွန်း၌ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ်၂၄ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးရန်နိုင် ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ပင်လယ်ဘူး ဩဂုတ် ၃၁

ပင်လယ်ဘူးမြို့ မြို့မရဲတပ်ဖွဲ့ စခန်း စခန်းမှူး ရဲအုပ်မြင့်ဌေးနှင့်မိသားစုက မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များသို့ တန်ဖိုးကျပ်၇၀၀၀၀ရှိ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၃၅၀ကို ဩဂုတ် ၂၄ ရက်က လှူဒါန်းသည်။

ပင်လယ်ဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် ဦးထွားမောင်ကလည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာကြည့်တိုက်အတွက် ဦးမောင်မောင်ကလည်းကောင်း၊ မန်ဒန်ကျေးရွာအုပ်စု၊ ပင်းသာကြီးရွာ တက်သစ်ရွှေကြာ စာကြည့်တိုက်အတွက် ဦးစံဝင်းကလည်းကောင်း၊ရေရှင်ကျေးရွာအုပ်စု၊ ဘန့်ဆွေးကုန်းရွာ ဖိုးရာဇာ စာကြည့်တိုက်အတွက် ဦးမောင်ပြုံးက လည်းကောင်း၊ ပင်းကြိုင်းကျေးရွာ စာကြည့်တိုက်အတွက် ဦးမောင်ထွားတို့ကလည်းကောင်း လက်ခံရယူကြသည်။ မြေလင်းရွာ၊ မံစီလေးရွာ၊ မိချောင်းအင်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ စာကြည့်တိုက်များသို့လည်း ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၂၂)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပုလဲ ဩဂုတ် ၃၁

မုံရွာခရိုင် ပုလဲမြို့နယ် စေတီယံအုပ်စု သေတ္တရာကျေးရွာ လမ်းပြကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်(၂) ဦးမြကြီး၊မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးငြိမ်းမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်(၂) ဦးမြကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးငြိမ်းမောင်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ် ပြန်/ဆက်မှ စာအုပ် ၅၀ နှင့် ကျေးရွာအလှူရှင်များမှ စာအုပ် ၂၀၀ တို့ကို လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျွမ်းကျင်သောပုဂ္ဂိုလ်များ)

၁။ **Executive Engineer** ကျား(၁)ဦး
B.E (Civil) [illegible]

၂။ **Assistant Engineer** ကျား/မ (၁၀) ဦး
B.E (Civil) [illegible]

၃။ **Second Assistant Engineer** ကျား/မ (၂၀) ဦး
B.E., B-Tech, A.G.T.I (Civil) [illegible]

၄။ **Quality Control (I)** ကျား (၁) ဦး
Any Graduate QC [illegible]

၅။ **Admin Manager** ကျား (၂) ဦး
Any Graduate [illegible] Computer [illegible]

၆။ **Superintendent** ကျား (၁) ဦး
Any Graduate [illegible] Computer [illegible]

၇။ **B.C** ကျား (၃) ဦး
Any Graduate [illegible] Computer [illegible]

၈။ **Computer Operator** ကျား/မ (၂) ဦး
Any Graduate Computer Operator [illegible]

၉။ **Batching Plant Operator** ကျား (၂) ဦး
Operator [illegible]

၁၀။ **Mechanical Engineer for Batching Plant** ကျား (၁) ဦး
A.G.T.I (MP) Batching Plant [illegible]

၁၁။ **Electrical Engineer for Batching Plant** ကျား (၁) ဦး
A.G.T.I (EP) Batching Plant [illegible]

၁၂။ **Store Keeper** ကျား (၂) ဦး
Any Graduate, Store [illegible]

၁၃။ **Executive Engineer (Mechanical)** ကျား (၁) ဦး
B.E (MP) [illegible]

၁၄။ **Assistant Engineer** ကျား (၄) ဦး
B.E (MP) [illegible]

၁၅။ **Second Assistant Engineer** ကျား (၈) ဦး
A.G.T.I (MP), B-Tech (MP) [illegible]

၁၆။ **Accountant** ကျား (၂) ဦး
CPA [illegible]

၁၇။ **Assistant Accountant** ကျား (၅) ဦး
CPA, B.Com, LCCI Level (III) [illegible]

၁၈။ **AG Truck Driver** ကျား (၅) ဦး
[illegible] AG [illegible]

၁၉။ **Dump Truck Driver** ကျား (၁၀) ဦး
[illegible] Dump Truck [illegible]

[illegible] (C.V) [illegible]

ဖုန်း – ၅၀၀၁၂၃၊ ၅၀၁၇၇၊ ၅၀၁၇၈၊ ၅၃၃၀၀၉

Quality Publishing House

မျှဝင်း

အောက်တိုဘာလထုတ်

ဖြန့်ချိရေး- ၁၇၃ ၊ ပ-ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၃၇၁၃၆၆၄၊ ၇၀၆၄၁၁၄၊ ၂၅၂၆၀၄။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
☎542311 09-5002003

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးထံသို့ ၁၅-၁၀-၂၀၀၄နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း
Nautical Cadet

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း
Engineering Cadet

၂။ ပညာအရည်အချင်းကန့်သတ်ချက်
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၃၆၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်
(က) ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။
(ခ) အရပ်အမောင်း (၅ပေ၄လက်မ) အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန်(၁၀၀)ပေါင်အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ် (၃၂လက်မ) နဂိုအနေအထားအနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ။)

၄။ ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။
(က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ခ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ၊ မရှိစစ်ဆေးခြင်း)။
(ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။)
(ခ) အမည်
(ဂ) နိုင်ငံသားစိစစ်ရေးအမှတ်
(ဃ) မွေးနေ့သက္ကရာဇ်
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊ တိုင်း၊ ဘာသာရပ်အလိုက် ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်
(ဆ) အဘအမည်နှင့်အလုပ်အကိုင်
(ဇ) အမိအမည်နှင့်အလုပ်အကိုင်
(ဈ) နေရပ်လိပ်စာအပြည့်အစုံ
(ည) ဆက်သွယ်ရန်စကားပြောကြေးနန်းအမှတ်နှင့်နေရပ်လိပ်စာ

၆။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ၊
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။
ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း၊
(မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ယူရန်)
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ကြောင်း ကတိခံဝန်ချက်၊
(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
(စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်းပညာသိပ္ပံ၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။ လျှောက်လွှာနှင့်အတူပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၂။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ်(၅၃၆၁၆၆/၅၃၆၁၃၈/၅၃၉၄၆၄/၅၃၉၄၆၅၊ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ။

မောင်ဘုန်းသန့်ကျော် (ခ)ဘုန်းခန့်မင်း အတွက် (၁)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဖိုးခွားလေးရဲ့ ၇-၉-၂၀၀၄ရက် မွေးနေ့မှ နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း အရာရာပြည့်စုံခြင်းများနှင့်အတူ ထူးချွန်ထက်မြက်သော သားကောင်းသားမြတ်ဖြစ်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ဘွားဘွား - ဒေါ်ရွှေကျင် **ဘိုးဘိုး- ဦးမင်းတင်**
ဘွားဘွား-ဒေါ်သန်းသန်း
ဘဘ - ဦးမောင်မောင်မြင့်အေး
ကြီးကြီး - ဒေါ်စောယုနွယ်
ဖေဖေ - ဦးမျိုးသိန်း
မေမေ - ဒေါ်နွယ်မင်းလှိုင် (ခ) ယမုံဦးနှင့်
ဘဘ၊ ကြီးကြီး၊ ကိုကို၊ မမများ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၉)ရက်
၂၀၀၄ခုနှစ် ဇူလိုင်လ(၂၅)ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ခုနှစ် ဩဂုတ်လ(၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက် တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရှေ့တန်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

